# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သုတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သုတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၅၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက် ၁၈ နှစ် ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း သက်ဆိုင်ရာ အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့ပါသည်။

၂။ အဆိုပါ နေ့ရက်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ မဲပေးပိုင်ခွင့်ရှိသည့် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည်။ သတ်မှတ်ကာလအတွင်း လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၈၃၃၉ ဦးရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲ ရောင်းချရ



နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။ (ဓာတ်ပုံ)

ယနေ့ပြပွဲတွင် ကျောက်စိမ်း (အုပ်စုအေနှင့် အုပ်စုဘီ)တို့မှ အတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကို

*စာမျက်နှာ ၃ ကော်လံ ၁ ❖*


**ယနေ့ ဖတ်စရာ**

**ပညာရေး အလင်းတံခါးများ**
ဆောင်းပါး စာ ၆

**ဒစ်ဂျစ်တယ်ခေတ်မှာ မြန်မာ့ MSMEs တို့ ကမ္ဘာနဲ့ ရင်ပေါင်တန်းစေဖို့**
ဆောင်းပါး စာ ၁၀

**အင်ဒိုနီးရှားနိုင်ငံ၌ ထပ်ဆောင်းကာကွယ်ဆေးတိုက်ကျွေးသည့် လှုပ်ရှားမှုပြုလုပ် ပိုလီယိုပိုင်းရပ်စ် အမျိုးအစား -၂ ဖြစ်ပွားမှုကို တရားဝင်အဆုံးသတ်**
နိုင်ငံတကာသတင်း စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။


(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ - တရုတ် ရက်သတ္တပတ် (၂၀၂၅) အခမ်းအနားများ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျန့်ပြည်နယ် ဖူကျိုးမြို့တွင် နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိကျင်းပခဲ့သည့် အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၅) အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၅) အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များနှင့် မီဒီယာများ စုစုပေါင်း ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့**

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တရုတ်နိုင်ငံ ဖူကျိုးမြို့၌ "မိမိတို့၏ တူညီသောအနာဂတ် - အာဆီယံမျှော်မှန်းချက် (၂၀၄၅)နှင့် တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို ချိတ်ဆက်ပေးခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၅) သို့ တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် တရုတ်နိုင်ငံအစိုးရ၊ ဖူးကျန့်ပြည်နယ်အာဏာပိုင်များနှင့် အာဆီယံ-တရုတ်စင်တာ (ACC) တို့အား အခမ်းအနားကို စီစဉ်ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အခမ်းအနားသည် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ရေရှည်တည်တံ့သော မိတ်ဖက်ဆက်ဆံရေးနှင့် တက်ကြွ၍ အားလုံးပါဝင်ပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းရာခရီးလမ်းကို ထင်ဟပ်လျက်ရှိကြောင်း၊ အာဆီယံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုင်ရာ ဘုံရည်မှန်းချက်အောက်တွင် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုနှင့် အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးအဖြစ် မြန်မာနိုင်ငံက တာဝန်ယူစဉ်အတွင်း "အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး"သို့ အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် အာဆီယံ-တရုတ် ဆက်ဆံရေးတွင် သိသာထင်ရှားသော မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှု၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ချိတ်ဆက်မှု၊ လူငယ်နှင့် အဏ္ဏဝါစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူချင်း ဖလှယ်မှုများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန် ကတိကဝတ်ကို အလေးထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ AI အစီအစဉ်ကိုလည်း ကြိုဆိုပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် တန်းတူညီမျှ၍ တာဝန်ယူမှုရှိရန် အရေးကြီးကြောင်း၊ တရုတ်နိုင်ငံ၏ ခိုင်မာသော ထောက်ခံအားပေးမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုတို့အတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို အာဆီယံ-တရုတ် အဖြေရှာမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် ဉာဏ်ရည်တုနည်းပညာ ဒစ်ဂျစ်တယ်စီးပွားရေး ခေါင်းစဉ်များဖြင့် ပြုလုပ်သည့် အဆင့်မြင့်ဆွေးနွေးပွဲများ၊ အာဆီယံ-တရုတ် အဏ္ဏဝါစီးပွားရေးနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လူငယ်ဖိုရမ်၊ "Two Countries, Twin Parks" Model ဖြင့် အာဆီယံ-တရုတ် စက်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် ပေါင်းစည်းဆက်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဖလှယ်ရေးဆိုင်ရာအခမ်းအနား၊ အာဆီယံ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ်တို့သို့ ပါဝင်တက်ရောက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖူးကျန့်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ကျောက်လောင်နှင့် အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် မစ္စတာ ရှီကျုံးကျွင့်တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**အခွင့်အလမ်းများဖန်တီးပေးနိုင်**

အာဆီယံ-တရုတ် ရက်သတ္တပတ်ကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ယခုနှစ်တွင် "Our Shared Future: Bridging ASEAN 2045 and Chinese Modernization" ခေါင်းစဉ်ဖြင့် တတိယအကြိမ်အဖြစ်လည်းကောင်း ကျင်းပခြင်းဖြစ်သည်။ အာဆီယံ-တရုတ်ရက်သတ္တပတ်အခမ်းအနားများသည် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်၍ အာဆီယံနှင့် တရုတ်ပူးပေါင်းဆောင်ရွက်မှုများ လူထုအသိပညာပေးရာတွင် ထူးခြားသော အခန်းကဏ္ဍမှပါဝင်သည့် ပလက်ဖောင်းတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတီထွင်ဆန်းသစ်မှု၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန် အခွင့်အလမ်းများဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲ ဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁၀၀၁)မှ(၂၀၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယခုပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်း( အုပ်စုအေနှင့်အုပ်စုဘီ )တို့မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကာ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် နိုဝင်ဘာ ၂၆ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ်(၁)ရက်မှစပြီး နိုဝင်ဘာလ (၃၀) ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀) နာရီမှ စပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ "ဝ"၊ ကချင်၊ ကယားအစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ(၁) ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀) နာရီမှ(၇:၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက်(၇:၀၀)နာရီမှ (၈:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် (၈:၀၀)နာရီမှ နံနက်(၉:၀၀)နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက်(၉:၀၀)နာရီ မှ နံနက်(၁၀:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက်(၁၀:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀)နာရီ အထိ မွန်ဘာသာအစီအစဉ်၊ မွန်းတည့်(၁၂:၀၀)နာရီ မှ မွန်းလွဲ (၁၄:၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄:၀၀)နာရီ မှ ညနေ(၁၆:၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ(၁၆:၀၀)နာရီမှ ည(၁၈:၀၀) နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ ည(၁၈:၀၀) နာရီ မှ(၂၀:၀၀)နာရီ အထိ ကချင်ဘာသာ အစီအစဉ်၊ ည(၂၀:၀၀)နာရီ မှ (၂၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ ည(၂၂:၀၀) နာရီ မှ (၂၃:၀၀) နာရီအထိ စကောကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စတာ တာရိခ် ကာရီးမ်အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ တာရိခ် ကာရီးမ်အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီး နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု၊ စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍများအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပါကစ္စတန်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်၌ ကယန်းနှစ်သစ်ကူးနေ့ပွဲတော်ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၂၁**

၂၀၂၅ ခုနှစ် ကယန်းတိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးပွဲတော်ကို ယမန်နေ့ညနေပိုင်းက လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံကျောက်သားရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ဌာနဆိုင်ရာများ၊ ကယန်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားစာပေနှင့်



ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

ဦးစွာ ကယန်းနှစ်သစ်ကူးနေ့ပွဲတော်မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုအခါ တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးကျေးဇူးကို ရရှိခံစားနေကြရပြီဖြစ်၍ ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို သင်ခန်းစာယူပြီး ပြည်နယ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးကပြည်ထောင်စုစိတ်ဓာတ်ဖြင့် အချင်းချင်းစည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုများဖြင့် အပြန်အလှန် ရိုင်းပင်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကယန်းနှစ်သစ်ကူးနေ့ အခမ်းအနားအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကယန်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌက လက်ခံရယူကာ ကယန်းနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုတို့အား ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ကယန်းတိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်သည် ကယန်းလူမျိုးတို့၏ ၁၂ လရာသီတွင် နှစ်တစ်နှစ်၏ ပထမဦးဆုံးလဖြစ်သည့် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျရောက်ပြီး ပွဲတော်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## (၂၄)ကြိမ်မြောက် အာဆီယံ ဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံ ဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများကို မြန်မာနိုင်ငံဘဏ်များအသင်းက အိမ်ရှင်အဖြစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




(၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံနိုင်ငံဘဏ်အသင်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ကြပြီး အစည်းအဝေးတွင် အာဆီယံဘဏ်များအသင်း၏ (၅၂)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုကြကာ နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သော အမြဲတမ်းကော်မတီ (၃)ရပ်ဖြစ်သည့် Cooperation in Finance, Investment, Trade and Technology Committee (COFITT), ASEAN Inter–Regional Relation Committee(ASEAN IRR) နှင့် Banking Education Committee တို့၏ အစည်းအဝေးအစီရင်ခံစာများကို အတည်ပြုကြသည်။

ထို့နောက် အာဆီယံဘဏ်များအသင်း အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုလက်ရှိဖိလစ်ပိုင်နိုင်ငံဘဏ်များအသင်းက စင်ကာပူနိုင်ငံဘဏ်များအသင်းသို့ တာဝန်လွှဲအပ်ခြင်းနှင့် (၅၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးကျင်းပမည့် ကာလနှင့်နေရာတို့ကို ဖိလစ်ပိုင်နိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပရန်လျာထား သတ်မှတ်ကြောင်း ကြေညာပြီး အာဆီယံဘဏ်များအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–ကိုမိုး**



စဥ့်ကိုင်မြို့နယ် ဟင်းငုံကျေးရွာအတွင်း မီးဘေးကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၁ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များက နေအိမ်များအား မီးဘေးကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေပြီး မီးဘေးစစ်ဆေးစဉ်။ (မြို့နယ်ပြန်/ဆက်)

## စာဆိုတော်နေ့အထိမ်းအမှတ် စုပေါင်းစာအုပ်လှူဒါန်း

**ပုသိမ် နိုဝင်ဘာ ၂၁**

ပုသိမ်မြို့အတွင်းရှိ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဆိုတော်နေ့အထိမ်းအမှတ် စုပေါင်းစာအုပ်လှူဒါန်းပွဲကို ယမန်နေ့က ပုသိမ်ခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဒေါ်ဆွေမာက စာအုပ်စာစောင်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး ပုသိမ်မြို့အတွင်းရှိ သုတ/ရသ စာအုပ် စုစုပေါင်း ၆၆၆ အုပ်အား ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်းက လက်ခံရယူသည်။ **(ယာပုံ)** **ခရိုင်(ပြန်/ဆက်)**





## မော်လမြိုင်၌ ဒုတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာ

**မော်လမြိုင် နိုဝင်ဘာ ၂၁**

မော်လမြိုင်မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာများရှိ သတ်မှတ်နေရာများ၌ ယနေ့တွင် ထုတ်ပြန်ကြေညာပေးထားရာ ပြည်သူများက လာရောက်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါမဲဆန္ဒရှင်စာရင်း ကပ်ထားရာနေရာများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာ မဲဆန္ဒရှင်များ၏ မဲစာရင်းလာရောက်ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး /ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းနှင့် နှစ်အလိုက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန၏ ကဏ္ဍအလိုက် ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) ကို လုပ်ငန်းစဉ်၊ မျှော်မှန်းချက်၊ စာရင်းအင်း တိကျမှန်ကန်ရေးကိစ္စရပ်များ ထည့်သွင်း၍ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါး၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်ကို အခြေခံ၍ ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro- Based Industries) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဦးစားပေး ဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရ ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းအဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ GMS၊ ACMECS အဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မိတ်ဖက်နိုင်ငံများ ရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့်အလားအလာရှိသော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာအကူအညီ ထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာနအဖွဲ့အစည်းတစ်ခု ဖြစ်စေရန်အတွက် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ လျင်မြန်လွယ်ကူချောမွေ့စေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ နိုင်ငံတကာနှင့် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ခြုံငုံသုံးသပ်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ရန်ကုန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများမှ မြို့တော်ဝန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ အလုပ်အကိုင်ရှာဖွေနေသူများကို အသက်အရွယ်နှင့် သင့်လျော်သော အလုပ်အကိုင် ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေး၊ အလုပ်အကိုင် ရှာဖွေသူများနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်နှင့် ကိုက်ညီသင့်လျော်သော အလုပ်သမားရရှိရေးတို့အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆောင်ရွက်နေသော လုပ်သားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု တိုးတက်ရေးကို အခြေခံအင်အားအဖြစ် သတ်မှတ်ပြီး အထူးအလေးထား ဆောင်ရွက်ကြရာတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများတွင် လုပ်ငန်းကျွမ်းကျင်သူ၊ စွမ်းဆောင်ရည်ရှိသူ ကျွမ်းကျင်လုပ်သားများကို ခန့်ထားမည်ဆိုပါက လုပ်ငန်းတိုးတက်မှုနှုန်း ပိုမိုမြင့်မားလာမည်ဖြစ်သည့်အပြင် အရည်အသွေးပြည့်ဝသော ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ပြည်တွင်း အလုပ်အကိုင်များ ခန့်ထားရေးနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ ခန့်ထားဆောင်ရွက်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားဦးရေအပေါ် မူတည်၍ ကျွမ်းကျင်လုပ်သားပါဝင်မှု ရာခိုင်နှုန်း သတ်မှတ်နိုင်ရေး၊ အမျိုးသားအဆင့် အရည်အချင်းမူဘောင်တွင် ကျွမ်းကျင်မှု မူဘောင်ထည့်သွင်း သတ်မှတ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ်များနှင့် တွေ့ဆုံ



**ပဲခူး နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဦးစွာ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်းက ပဲခူးတိုင်းဒေသကြီးအနေဖြင့် စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်များအပေါ် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၏ ကြီးကြပ်ညွှန်ကြားမှုအတိုင်း သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချနိုင်ရေးအတွက် ဒေသအရောက်ဈေးနှုန်းများအပေါ် နှစ်ရာခိုင်နှုန်းအမြတ်ထက် မပိုသောဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချစေရေး၊ လက်လီဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ရောင်းချစေရေး၊ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချမှုများ မရှိစေရေးတို့အတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ စားအုန်းဆီသည် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသည့်အတွက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသောလုပ်ဆောင်မှုများ ပြုလုပ်နေသည်ကိုတွေ့ရှိရပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ လက်ကားကိုယ်စားလှယ်များအနေဖြင့် လက်ကား/လက်လီစာရင်းမှန်၊ နေရာမှန်၊ အချိန်မှန်၊ ဈေးနှုန်းမှန်၊ အရေအတွက်မှန်၊ အချိန်အတွယ်နှင့် အရည်အသွေးမှန်စသည့် မှန်(၆)မှန်ဖြင့် ပြည်သူများထံသို့ စားအုန်းဆီများ ပျံ့ပျံ့နှံ့နှံ့ရောက်ရှိစေရေး၊ မှန်မှန်ကန်ကန် ဖြန့်ဖြူးရောင်းချပေး ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက အထက်အကြီးအကဲများကလည်း ပြည်သူသုံး စားအုန်းဆီများကို ပြည်သူထံ အပြည့်အဝရောက်ရှိစေရေး လမ်းညွှန်မှုပြုသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ စားအုန်းဆီဖြန့်ဖြူးပေးသည့် ကုမ္ပဏီများ၊ လက်ကား/လက်လီ ကိုယ်စားလှယ်များအနေဖြင့်လည်း ဖြန့်ဖြူးရောင်းချပေးသည့် စားအုန်းဆီများကို ရပ်ကွက်၊ ကျေးရွာများရှိ သတ်မှတ်နေရာများအရောက် အိမ်ထောင်စုအလိုက် ပျံ့ပျံ့နှံ့နှံ့ရောင်းချပေးကြစေရေးနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများ က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# ပညာရေး အလင်းတံခါးများ

**နယ်စပ်ဒေသဟူသည် သဘာဝအလှတရားများ ကြီးမားသော်လည်း ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများနှင့် ပညာရေးအတွက် အခက်အခဲများ တိုက်ရိုက်ကြုံတွေ့နေရသည့် ဒေသများဖြစ်သည်။ ထိုအခက်အခဲများအတွက် ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပေးထားသည့် ပညာရေးအလင်းရောင် တံခါးပေါက်များရှိပါသည်။ ဤအရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များပင် ဖြစ်ပါသည်။**

## ဝထကလသ(နတလ)

ထိုကျောင်းတော်ကြီးများမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကဏ္ဍများကို မြှင့်တင်ဖော်ဆောင်ပေးမည့် မျိုးဆက်သစ်လူသားအရင်းအမြစ် အလင်းတိုင်များအား ဘက်စုံပညာရေးစနစ်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိပါသည်။

ယခုဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အမှတ်စဉ်(၇)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) အမှတ်စဉ် (၂၁၊ ၂၂)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) အမှတ်စဉ် (၁၈၊ ၁၉) တို့ ကျောင်းဆင်းပွဲအခမ်းအနားများ ကျင်းပပြီးစီးခဲ့သည်မှာ ရက်အနည်းငယ်မျှသာ ရှိပေဦးလိမ့်မည်ဖြစ်သည်။

### အနာဂတ်အလင်းတိုင်များ

အနာဂတ်တွင် ကျောင်းဆင်းကျောင်းသားတစ်ဦးသည် မြန်မာနိုင်ငံအနှံ့ စာသင်ကျောင်းများ၌ တိုင်းရင်းသားလူငယ်များ၏ ပညာရေးအလင်းရောင်ကို ထွန်းညှိပေးနိုင်သော ဆရာကောင်းတစ်ဦး ဖြစ်နေပေလိမ့်မည်။

အနာဂတ်တွင် ကျောင်းဆင်းကျောင်းသူတစ်ဦးသည် မြစ်များကိုဖြတ်၍ တံတားတစ်စင်း တည်ဆောက်ပေးနိုင်သောဖြောင့်ဖြူးနေသည့် နိုင်ငံတော်လမ်းမကြီးများကို တာဝန်ယူဖောက်လုပ်ပေးနိုင်သော အင်ဂျင်နီယာကောင်းတစ်ဦး ဖြစ်နေပေလိမ့်မည်။

အနာဂတ်တွင် ကျောင်းဆင်းကျောင်းသားကျောင်းသူတို့သည် မိမိတို့ဘဝအတွက်သာမက မိမိဒေသအတွက်၊ မိမိတိုင်းရင်းသားများအတွက်၊ မိမိနိုင်ငံအတွက် အကျိုးပြုမည့် ဝန်ထမ်းကောင်းများအဖြစ် တာဝန်ထမ်းဆောင်နေပေလိမ့်မည်။

ကျောင်းတော်ကြီးများမှ မွေးထုတ်ပေးလိုက်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကဏ္ဍများကို ဖော်ဆောင်ပေးမည့် မျိုးဆက်သစ်လူသားအရင်းအမြစ် အလင်းတိုင်များဟုပင် ဆိုရပေမည်။

### ပညာရေးအလင်းတံခါး

ပညာရေးသည် လူသားမျိုးနွယ်၏ တိုးတက်မှုအတွက် အဓိကသော့ချက်တစ်ခုပင် ဖြစ်သည်။ ၎င်းသည် လူတစ်ဦးချင်းစီအတွက် ပိုမိုကောင်းမွန်သောဘဝတစ်ခုသို့ ပို့ဆောင်ပေးနိုင်ခြင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးကို ပိုမိုတိုးတက်ငြိမ်းချမ်းနိုင်ခြင်း၊ တရားမျှတသော အခြေအနေသို့ ရောက်ရှိနိုင်ခြင်းများ ဖြစ်စေပါသည်။

ပညာရေးသည် အလင်းတံခါးတစ်ချပ် ဖြစ်သည်။ ထိုတံခါးကို ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံသားတို့၏ အသိပညာ၊ အတွေးအခေါ်နှင့် အတတ်ပညာတို့ကို ရရှိပြီး ပိုမိုတောက်ပသော အနာဂတ်တစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထိုတံခါးများကို ဖွင့်လှစ်နိုင်ရန် နိုင်ငံတော်၊ နိုင်ငံသား၊ ဆရာ၊ ဆရာမနှင့် ကျောင်းသားများအားလုံးတွင် တာဝန်ကိုယ်စီရှိပေသည်။

**"အသိပညာသည် အရာရာကို အနိုင်ယူနိုင်သော စွမ်းအားဖြစ်သည်"** ဟူသည့်အတိုင်း အခက်အခဲများရှိနိုင်သော်လည်း ပညာရေး၏အလင်းရောင်သည် ပိုမိုတိုးတက်သော နိုင်ငံတော်တစ်ခု ဖြစ်လာစေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

> **✻ ပညာတတ်များပြားလာသည်နှင့်အမျှ လူ့ဘောင်အတွင်း သာတူညီမျှမှု၊ တရားမျှတမှု၊ ပညာရေးအခွင့်အလမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အရေးကြီးသည့်ကဏ္ဍများတွင် ပိုမိုတိုးတက်မှုများရရှိလာမည်**
>
> **✻ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော တက္ကသိုလ် / ကောလိပ်များမှ ကျောင်းဆင်းတိုင်းရင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပေပြီ။ အတွေးအမြင်ကျယ်ခဲ့ပေပြီ။ ထိုသို့ အသိပညာကြွယ်ဝလာသည်နှင့်အညီ အမှား / အမှန်ကိုခွဲခြားနိုင်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တည်ငြိမ်ရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါလိမ့်မည်။ အနာဂတ်အတွက် လမ်းပြကြယ်ပွင့်လေးများ ဖြစ်လာပေလိမ့်မည်**

### အထက်တန်းအောင်မြင်ပြီးသည့်နောက်

မြန်မာနိုင်ငံ၌ မတ်လကဲ့သို့ ခြောက်သွေ့သည့်ရာသီတွင် အခြေခံပညာအထက်တန်းစာမေးပွဲကို ဖြေဆိုကြရသည်။ ဇွန်၊ ဇူလိုင်လကဲ့သို့သော မိုးတွင်းကာလတွင် အောင်စာရင်းများထွက်သည်။ အောက်တိုဘာ၊ နိုဝင်ဘာလလို ဆောင်းအေးအေးမှာ တက္ကသိုလ်၊ ကောလိပ်များ စတင် တက်ရောက်ကြရပါသည်။

ထို့ကြောင့် ကျောင်းသားဘဝတွင် စိတ်လှုပ်ရှားမှု အပေးဆုံးနှင့် ထူးခြားမှုအရှိဆုံးကာလသည် နွေရာသီအစနှင့် ဆောင်းရာသီအစကဲ့သို့ ကာလများကို ရည်ညွှန်းရပေမည်။

ယခုအချိန်တွင် အထက်တန်းအောင်မြင်ထားသည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ရွေးချယ်ရန် အလုပ်များနေချိန်ဖြစ်၏။

ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဘဝ တိုးတက်မြင့်မားလာစေရေးအတွက် မှန်ကန်သော ရွေးချယ်မှုများဖြစ်စေရန် ရင်ခုန်ဖွယ်ရာတွေးခေါ်မြော်မြင်စဉ်းစားမှုများဖြင့် အလုပ်များနေကြသကဲ့သို့ မိဘများမှာလည်း ကလေးအတွက် စဉ်းစားပေးလိုက်၊ တိုင်ပင်လိုက်နှင့် မိသားစုအတွင်း စိတ်လှုပ်ရှားဖွယ် အချိန်ကာလလည်း ဖြစ်ပေသည်။

အဓိကအကျဆုံးအချက်မှာ ကာယကံရှင် ကျောင်းသား ကျောင်းသူများ၏ မွေးရာပါဗီဇ၊ ပါရမီနှင့် ဝါသနာပင်ဖြစ်သည်။ နောက်တစ်ချက်မှာ ကျောင်းသား ကျောင်းသူများ၏ ဆန္ဒပြင်းပြမှုနှင့် စိတ်ပါဝင်စားမှုပင်ဖြစ်သည်။

ထို့အပြင် ရရှိမည့် ဘွဲ့၊ ဒီဂရီကို အခြေခံပြီး သေချာသော အနာဂတ်ကောင်း ဖန်တီးနိုင်မှု၊ နိုင်ငံအတွက် အကျိုးပြုနိုင်မှုဆိုသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

### ကောင်းမွန်သည့် ရည်ရွယ်ချက်

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းရင်းသားများအတွက် တက္ကသိုလ်/ကောလိပ်များ ဖွင့်လှစ်ထားပါသည်။ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်၊ ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စေရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်တို့ဖြစ်သည်။

### ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့်ကောလိပ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် အရည်အသွေးမြင့်မားသည့် ပညာရေးဝန်ထမ်းကောင်းများ ဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ပေးနေသော စစ်ကိုင်း၌ တည်ရှိသည့် တက္ကသိုလ်ကြီးဖြစ်ပါသည်။ မူလတန်းဆရာအတတ်သင်တန်း၊ အထူးမူလတန်းဆရာအတတ်သင်တန်း၊ အလယ်တန်းဆရာအတတ်သင်တန်း၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း၊ ပညာရေးဘွဲ့သင်တန်း၊ မဟာဒဿန(ပညာရေး) ဘွဲ့သင်တန်းနှင့် မဟာပညာရေးဘွဲ့သင်တန်း စသည့် ပညာရေးသင်တန်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိသည်။ ငါးနှစ်တာ သင်တန်းကာလပြီးဆုံးပါက အထက်တန်းပြ ဆရာ/ဆရာမများ ခန့်အပ်ပေးပါသည်။

ရန်ကုန်နှင့် စစ်ကိုင်းမြို့တို့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ တည်ရှိသည်။ ကောလိပ်များတွင် ဝိဇ္ဇာဘွဲ့ (မြန်မာ၊ ပထဝီ၊ သမိုင်း)၊ သိပ္ပံဘွဲ့ (သင်္ချာ၊ ဓာတု၊ ရူပ)၊ အင်ဂျင်နီယာဘွဲ့ (မြို့ပြ၊ အီလက်ထရောနစ်၊ စက်မှု၊ လျှပ်စစ်စွမ်းအား)ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။ ဝိဇ္ဇာ/သိပ္ပံဘွဲ့များအတွက် လေးနှစ်၊ အင်ဂျင်နီယာဘွဲ့အတွက် သုံးနှစ်ကာလ ဖြစ်သည်။ ဘွဲ့ရရှိပြီးပါက ဝန်ကြီးဌာနများတွင် အကြီးတန်းစာရေး၊ အငယ်တန်း အင်ဂျင်နီယာ (၃) ရာထူးများ ခန့်အပ်ပေးလျက် နိုင်ငံအနှံ့ တာဝန်ထမ်းဆောင်လျက်ရှိသည်။

### အရည်အချင်းသတ်မှတ်ချက်

ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်အတွက် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များရှိသည်။ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမည်။ နိုင်ငံတော်အပေါ် သစ္စာရှိသူဖြစ်ရမည်။ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာသူ ဖြစ်ရမည်။ နိုင်ငံတော်အပေါ် ချစ်မြတ်နိုး၍ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရှင်သန်စေပြီး တိုင်းရင်းသားအချင်းချင်းအကြား အပြန်အလှန်နားလည် လေးစားသူ ဖြစ်ရမည်။

### ရေးဖြေ၊ လူတွေ့၊ ဆေးစစ်

နယ်စွန်နယ်ဖျားဒေသမှဖြစ်ခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားဖြစ်ခြင်း၊ မိဘမဲ့(သို့မဟုတ်)မိမဲ့ (သို့မဟုတ်) ဘမဲ့များဖြစ်ခြင်း၊ ဆင်းရဲနွမ်းပါးပြီး ပညာလိုလားကြိုးစားသင်ယူလိုသူများ၊ လျှောက်ထားသည့်ဒေသ (သို့မဟုတ်) မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်မည့်သူဖြစ်ခြင်း စသည့် အချက်များနှင့် ကိုက်ညီသူများကို အဓိကထားရွေးချယ်လျက်ရှိပါသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများမှပြုလုပ်သည့် ဝင်ခွင့်စာမေးပွဲ (ရေးဖြေ၊ လူတွေ့) ဖြေဆိုအောင်မြင်ရန်လည်း လိုအပ်ပါသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများလည်း ဝင်ရောက်ဖြေဆိုနိုင်ပြီး အောင်မြင်သူများကိုသာ ရွေးချယ်လက်ခံပါသည်။ ရေးဖြေ၊ လူတွေ့ အောင်မြင်ပြီးပါက ဆက်လက်၍ ဆေးစစ်ရပါမည်။ ဆေးစစ်ချက် မအောင်မြင်လျှင်လည်း တက်ရောက်ခွင့် မရနိုင်ပါ။

ထို့ကြောင့် ကျောင်းသား ကျောင်းသူအဖြစ် ရွေးချယ်ခြင်းမခံရပါက နစ်နာမှုမရှိစေရေးအတွက် အခြားတက္ကသိုလ်၊ ကောလိပ်များသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

### အခြားသတ်မှတ်ချက်များ

လျှောက်ထားသူသည် သတ်မှတ်သည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၀ နှစ် ခြောက်လထက် မကျော်လွန်သူဖြစ်ရပါမည်။ ကျောင်းသားများသည် အနည်းဆုံး အရပ်ငါးပေ နှစ်လက်မနှင့်အထက်၊ ကျောင်းသူများသည် အနည်းဆုံး အရပ်ငါးပေ ရှိရပါမည်။

ကျောင်းသားများသည် ကိုယ်အလေးချိန် အနည်းဆုံး ပေါင် ၁၀၀၊ ကျောင်းသူများ သည် အနည်းဆုံး ၉၅ ပေါင် ရှိရမည်။ အရပ်အမြင့်အလိုက် ရှိသင့်သော ကိုယ်အလေးချိန်အပြင် Body Mass Index (BMI) နှင့်လည်း ကိုက်ညီရမည် ဖြစ်ပါသည်။

တက်တူး (ဆေးမင်ကြောင်) ထိုးထားသူများနှင့် သင်တန်းတက်ရောက်ရန် ဆန္ဒမရှိသူများအား ပြန်လည်စေလွှတ်ပါသည်။ ၎င်းကျောင်းသား ကျောင်းသူနေရာ၌

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၃၆
ရက်
သာ လိုတော့သည်။

*စာမျက်နှာ ၆ မှ*

အစားထိုးရွေးချယ်ပေးမည်မဟုတ်ပါ။ အိမ်ထောင်မပြုဖူးသူ လူပျို၊ အပျို ဖြစ်ရမည်။ အမျိုးသားဆန်သော အမျိုးသမီး (သို့မဟုတ်) အမျိုးသမီးဆန်သော အမျိုးသားမဖြစ်စေရပါ။ ရပ်ရွာ၏ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူဖြစ်ရမည်။ ပြည်ထောင်စုတိုင်းရင်းသားဖြစ်ပြီး သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကို တတ်ကျွမ်းရမည်။ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အမှတ်စာရင်းမူရင်း တင်ပြနိုင်ရပါမည်။

အရေးကြီးဆုံးအချက်မှာ ဘွဲ့ရရှိပြီးပါက နိုင်ငံတော်ကပေးအပ်သောတာဝန်နှင့် စေလွှတ်ရာဒေသသို့ ဦးလည်မသုန် သွားရောက်တာဝန်ထမ်းဆောင်လျက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပါမည်ဟု ကတိပြုသူဖြစ်ရပါမည်။

နိုင်ငံတော်မှ ပေးအပ်သော တာဝန်ထမ်းဆောင်ခြင်းမှ ပျက်ကွက်ပါက ဝန်ထမ်းဆိုင်ရာ တည်ဆဲဥပဒေနှင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးရပါသည်။ မိဘအုပ်ထိန်းသူများမှ အာမခံကတိပြု လက်မှတ်ရေးထိုးရပါမည်။ သက်ဆိုင်ရာမြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းမှလည်း ထောက်ခံရပါမည်။ ကိုယ်ပိုင်အထက်တန်းကျောင်း/ ဘော်ဒါဆောင်များတွင် အောင်မြင်သူများ လျှောက်ထားခွင့်မရှိပါ။

### ကျောင်းတော်ကြီးများ၌

ရေးဖြေ၊ လူတွေ့၊ ဆေးစစ်ချက်များ အောင်မြင်ပြီးပါက ဤကျောင်းတော်များတွင် တက်ရောက်သင်ကြားခွင့်ရပေပြီ။ ဤတက္ကသိုလ်/ကောလိပ်များသည် စာပေအတတ်ပညာ၊ အသိပညာများ ဖြန့်ဖြူးသင်ကြားပေးသကဲ့သို့ လူမှုဆက်ဆံရေးပေးသည့် ဌာနသဖွယ်လည်း ဖြစ်ပါသည်။ ကျောင်းတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများ တွေ့ဆုံဆက်ဆံ၍ တစ်အူထုံ့ဆင်း မောင်နှမအရင်းပမာ သိကျွမ်းခင်မင်ကြ၏။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ဆုံစည်းကြ၏။ ဤသို့ဖြင့် တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိလာကြ၏။ အပြန်အလှန်ခင်မင်ကြ၏။ တစ်ဦးနှင့်တစ်ဦး ကူညီကြ၏။ ထိုကလေးများ ကျောင်းဆင်းသွား၍ နိုင်ငံ့တာဝန်၊ ဒေသတာဝန်များကို ထမ်းဆောင်ရသည့်အခါ ကျောင်းတွင်ရခဲ့သော ခိုင်မာသည့်စိတ်ဓာတ်နှင့် အလေ့အထကောင်းများကြောင့် ပိုမိုအသိကြွယ်ကြ၏။ တိုးတက်သော အမြင်များရှိကြသည်။ စည်းလုံးမှုလည်း ပိုမိုအားကောင်းခဲ့ပါသည်။

ကျောင်းတော်ကြီးများမှ သူတို့၏စိတ်ကို ဖန်တီးပုံသွင်းပေး၏။ ကောင်းမွန်သော စံနမူနာများကိုသာ သင်ကြားပေး၏။ အပြုသဘောဖြစ်သော လူ့တန်ဖိုး၊ ယဉ်ကျေးမှုများ၊ စံနှုန်းများ၊ အမျိုးသားရေးဘဝမှ အဖိုးတန်သော အဖြစ်အပျက်သာဓကများ၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများ၊ မှန်ကန်သော စိတ်ထားသဘောတရားများ၊ သမိုင်းရာဇဝင်များကို ပြဋ္ဌာန်းပေးထားသည်။

ထို့ကြောင့် အဖျက်စိတ်၊ အရိုင်းအစိုင်းစိတ်၊ မုန်းတီးမှု၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ ဘာသာရေးတစ်ခုနှင့်တစ်ခုသဘောထားကွဲလွဲစေသော၊ အထင်အမြင်လွဲမှားစေသော၊ လူမျိုးကြီးဝါဒကို အားပေးသော၊ မှားယွင်း၍နည်းမကျသော အစွဲအလမ်းများ ကင်းစင်စေနိုင်ပါသည်။ တစ်နည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ အားနည်းချက်များကို တန်ဖိုးမြှင့်တင်ပေးလျက်ရှိပါသည်။

တက္ကသိုလ်/ကောလိပ်များမှ မွေးထုတ်ပေးလိုက်သော ဆရာ/ဆရာမများ၊ ဝန်ထမ်းလောင်းများသည် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများအဖြစ်သာမက တာဝန်ကျရာ နိုင်ငံအနှံ့နှင့်နယ်စပ်ဒေသအသီးသီး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဘက်စုံ၊ ထောင့်စုံမှ ပါဝင်ဆောင်ရွက်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့ခြင်းပင်ဖြစ်ပါသည်။

### ပြည်ထောင်စုစိတ်ဓာတ်ပြန့်ပွားရေး

တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့အတွက် ထာဝစဉ်ကြိုးစားတည်ဆောက်နေရမည် ဖြစ်ပါသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် **"နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန်"** လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရပေမည်။ ဒီမိုကရေစီ အောင်မြင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၏ကဏ္ဍသည် အဓိကကျလှပါသည်။

### ပညာရေးနှင့် လူ့ဘောင်အဖွဲ့အစည်း

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝကိုသာမက၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးကိုပါ တိုးတက်ပြောင်းလဲစေနိုင်ပါသည်။ ပညာတတ်လူ့ဘောင်သည် ပိုမိုဖွံ့ဖြိုးတိုးတက်သော၊ တရားမျှတသော၊ ငြိမ်းချမ်းသောအဖွဲ့အစည်းတစ်ခု ဖြစ်လာပေလိမ့်မည်။

**စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု။** နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များအပေါ် အဓိကမူတည်သည်။ ပညာတတ်များသည် နည်းပညာမြင့်လုပ်ငန်းများ၊ သုတေသနနှင့် တီထွင်မှုလုပ်ငန်းများတွင်ပါဝင်နိုင်ပြီး နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ပေးနိုင်သည်။ ပညာရေးကောင်းမှသာ နိုင်ငံတစ်နိုင်ငံသည် ဆင်းရဲတွင်းမှ ရုန်းထွက်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်မည် ဖြစ်သည်။

**လူမှုရေးတိုးတက်မှု။** ပညာရေးသည် လူမှုရေးဆိုင်ရာ ပြဿနာများကို နားလည်ပြီးဖြေရှင်းနိုင်စေရန် ကူညီပေးသည်။ ပညာတတ်များပြားလာသည်နှင့်အမျှ လူ့ဘောင်အတွင်း သာတူညီမျှမှု၊ တရားမျှတမှု၊ ပညာရေးအခွင့်အလမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အရေးကြီးသည့် ကဏ္ဍများတွင် ပိုမိုတိုးတက်မှုများ ရရှိလာမည် ဖြစ်သည်။

**နိုင်ငံရေးတည်ငြိမ်မှု။** ပညာတတ်ပြည်သူများသည် နိုင်ငံရေးဖြစ်စဉ်များကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပြီး ၎င်းတို့၏ ရပိုင်ခွင့်နှင့်တာဝန်များကို သိရှိနားလည်ကြသည်။ ပညာတတ်အဖွဲ့အစည်းသည် တာဝန်ယူမှုရှိသော ခေါင်းဆောင်များကို ရွေးချယ်နိုင်ပြီး နိုင်ငံရေးစနစ်ကို ပိုမိုပွင့်လင်းမြင်သာအောင် ပြောင်းလဲရန် တွန်းအားပေးနိုင်ပါသည်။

### အကြီးအကဲ လမ်းညွှန်ချက်

နိုင်ငံတော်ယာယီသမ္မတက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့အမှတ်စဉ်(၇)မှ ကျောင်းသားကျောင်းသူများကို ၂၂-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းက တွေ့ဆုံအမှာစကား ပြောကြားရာတွင် **"နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း။**

**လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှ အရေးကြီးသည့် ပြည်ထောင်စုစိတ်ဓာတ်ကို မောင်မယ်တို့အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွ ပညာသင်ကြရင်းဖြင့် ရင်ထဲတွင် စွဲမြဲခံယူကြပြီးဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် မောင်မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ မိမိတို့ တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံး ချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။**

**တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့်ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း"** လမ်းညွှန်ပြောကြားခဲ့ပါသည်။

### အခြေခံအုတ်မြစ်ကောင်း

ဆိုရသော် ပညာရေးဟူသည် လူ့ဘောင်အဖွဲ့အစည်းတစ်ခု၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။ ထိုအုတ်မြစ်ခိုင်မာမှသာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဤတိုးတက်ပြောင်းလဲမှုကို ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ပညာရေးသည် အတွေးအခေါ်၊ အသိပညာနှင့် အတတ်ပညာတို့ကို အလင်းတံခါးပမာ ဖွင့်လှစ်ပေးကာ နိုင်ငံသားတို့၏ ဘဝကို အဓိပ္ပာယ်ရှိစေပေလိမ့်မည်။

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော တက္ကသိုလ်/ ကောလိပ်များမှ ကျောင်းဆင်းတိုင်းရင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပေပြီ။ အတွေးအမြင်ကျယ်ခဲ့ပေပြီ။ ထိုသို့ အသိပညာကြွယ်ဝလာသည်နှင့်အညီ အမှား/ အမှန်ကိုခွဲခြားနိုင်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် တည်ငြိမ်ရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါလိမ့်မည်။ အနာဂတ်အတွက် လမ်းပြကြယ်ပွင့်လေးများ ဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် ကျောင်းတော်ကြီးများသည် ပိုမိုကောင်းမွန်သည့် နိုင်ငံတော်၏ အနာဂတ်ကောင်းများစွာကို ဖန်တီးပေးနိုင်သော တိုင်းရင်းသားလူငယ်များ၏ ဘဝကို တောက်ပစေသော အစွမ်းထက်သည့် အခြေခံအုတ်မြစ်ကောင်း ပညာရေးအလင်းတံခါးချပ်များပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

### အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၁ -** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

# မြစ်ဝကျွန်းပေါ်ဒေသ၌ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာတိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်း အတွေ့အကြုံမျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် "မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာတိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်း" ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ စီမံကိန်းကာလ နှစ်နှစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်း လုပ်ငန်းများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်ကောင်းမွန်မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အားသာချက် အားနည်းချက်များကို သုံးသပ်ဖော်ထုတ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အသိပညာမျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် M-Gallery Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် မစ္စတာ ကျန်းကျုန်းဟွာ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီမံကိန်းကျေးရွာသူ ကျေးရွာသားများ တက်ရောက်သည်။

ဦးစွာ မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင် - လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ တိုးချဲ့ဆောင်ရွက်ခြင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းတင် Video Clip ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုစီမံကိန်းသည် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာများအထိပါ အကျိုးကျေးဇူးရရှိစေသည့် စီမံကိန်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်ကောင်းမွန်မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အားသာချက် အားနည်းချက်များကို သုံးသပ်ဖော်ထုတ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းများ ပေါ်ပေါက်လာစေရန် အတွေ့အကြုံမျှဝေခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အနာဂတ်လုပ်ငန်းစဉ်များအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)၏ ဒုတိယဥက္ကဋ္ဌက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ စီမံကိန်းဝန်ထမ်းများ၊ စီမံကိန်းကျေးရွာသူ/ ကျေးရွာသားများက Panel Session များ၊ Group Discussion တို့ဖြင့် စီမံကိန်းအတွေ့အကြုံမျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့၌ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတက်ရောက်အောင်မြင်ပြီးသူများ၏ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အေးချမ်းသာစံပြကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော ကျေးရွာတွင်းလမ်း အရှည် ၁ ဒသမ ၇ ဖာလုံ အပိုင်း(၁) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာတွင်းလမ်း အရှည် ၃ ဒသမ ၅ ဖာလုံ အပိုင်း(၂) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာရှိ လင်းရောင်ခြည်လယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ လယ်မြေ ၂၀၃ ဧကတွင် စိုက်ပျိုးခဲ့သော RAKA-၆၆၆ အထွက်ကောင်း ချည်မျှင်ရှည်ဝါမျိုးများ ခူးဆွတ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့ လှချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်း၏ "လှ" ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သမဝါယမအသင်းဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က စက်ရုံဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စက်ရုံဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံအတွင်း လိုက်လံလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံစီးပွားရေးသံမှူး ဦးဆောင်သော Thai Business Association of Myanmar ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံစီးပွားရေးသံမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ထိုင်းစီးပွားရေးအသင်း (Thai Business Association of Myanmar) မှ အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမဟုတ်သည့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအရ သွင်းကုန်လိုင်စင် လျှောက်ထားခြင်း၊ ထိုင်းဘတ်ဖြင့် ငွေပေးချေမှုများ၊ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် ထိုင်းဘတ်ဖြင့် ဆောင်ရွက်လိုသည့်ကိစ္စ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ သိရှိလိုသည့်အချက်များ ဆွေးနွေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံခြားငွေနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ပေးနေသော ကိစ္စရပ်များ၊ နှစ်နိုင်ငံဘဏ်များအကြား ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ FX Trading Platform မှ ဈေးကွက်အခြေခံ၍ နိုင်ငံခြားငွေရောင်းဝယ်ပြုလုပ်နေသည့်အခြေအနေများ၊ နှစ်နိုင်ငံငွေကြေးအသုံးပြု၍ ကုန်သွယ်မှုဆောင်ရွက်နေသည့်အခြေအနေများအပါအဝင် ငွေရေးကြေးရေး ကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးစွာ တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာပထမနှစ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား စိစစ်အတည်ပြုရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပထမနှစ်သင်တန်း တက်ရောက်မည့် ကျောင်းသားကျောင်းသူ ၃၀၄ ဦးအား စိစစ်အတည်ပြု ရွေးချယ်သည်။





ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေး ဆောင်ရွက်သည့် နေ့ရက်တွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်သင်တန်းတက်ရောက်မည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဒီဂရီကောလိပ်အတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့သည်။

ဒီဂရီကောလိပ်(ရန်ကုန်)တွင် သင်တန်းသား ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ ၄ နှစ်၊ A.G.T.I ဒီပလိုမာ ၃ နှစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဘွဲ့၊ ဒီပလိုမာများ အပ်နှင်းပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့် အဆင့်တူ ရာထူးနေရာများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက် ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲရလဒ်များကိုအခြေခံ၍ ဦးစီးဌာနအလိုက် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းပြုစုခြင်း၊ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်မှု အစီရင်ခံစာပြုစုခြင်း၊ ဦးစီးဌာနအလိုက် လေ့လာဆန်းစစ်အကဲဖြတ်မှုအစီအစဉ်များ ရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခင်နှစ် အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ ဦးစီးဌာနများအနေဖြင့် အကောင်အထည် မဖော်ရသေးသည့်လုပ်ငန်းအစီအစဉ်များ၊ အကောင်အထည်ဖော်နိုင်ခြင်းမရှိသည့် လုပ်ငန်းအစီအစဉ်များ ကျန်ရှိနေသည်ကိုတွေ့ရကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ်များကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မည်ဆိုပါက ကျန်ရှိနေသောလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဦးစီးဌာနများ၊ ဝန်ကြီးရုံးဌာနခွဲများနှင့် Naypyitaw State Academy အနေဖြင့် မိမိတို့ သက်ဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်မှု ပိုမိုတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူများအားလုံး အုပ်စုအလိုက် ဆွေးနွေးခြင်းများတွင် တက်တက်ကြွကြွ ဆွေးနွေးပေးကြရန်နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ၏ ရည်မှန်းချက်ပန်းတိုင်ကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်အကုန်တွင် ပေါက်မြောက်အောင်မြင်စေရန် ဦးစီးဌာနများအလိုက် ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက အလုပ်ရုံဆွေးနွေးပွဲရည်ရွယ်ချက်နှင့် အဓိကရလဒ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးရုံး၊ ဦးစီးဌာနများ၊ Naypyitaw State Academy တို့မှ တက်ရောက်လာသူများက ဦးစီးဌာနအလိုက် "စွမ်းဆောင်ရည် သုံးသပ်ခြင်းနှင့် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ အကောင်အထည်ဖော်မှု" များကို အုပ်စုဖွဲ့ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်အထိ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**ဘားအံ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကရင်ပြည်နယ် နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကို အမြစ်ပြတ် ဖယ်ရှားရှင်းလင်းရာတွင် ပိတ်မိနေသော အိန္ဒိယနိုင်ငံသားများအား အကူအညီပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ခရီးသွားကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ မတည်ငွေဖြင့် တည်ဆောက်ပြီးစီးသည့် ဘားအံမြို့နယ် ခြံကလေးကျေးရွာရှိ ပညာဥယျာဉ် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းထားရှိမှု၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ စာပေလာရောက်လေ့လာ ဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မျိုးဆက်သစ်လူငယ်များအား စာပေဖတ်ရှုလေ့လာနိုင်အောင်၊ စာဖတ်သည့်အလေ့အထစွဲမြဲအောင် တိုက်တွန်းကြစေလိုကြောင်း ပြောကြား၍ ပညာဥယျာဉ်စာကြည့်တိုက်အတွက် ငွေပဒေသာပင်များ၊ စာအုပ်စာစောင်များ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက တောင်သူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို ကြည့်ရှုအားပေးပြီး ခြံကလေးအောင်ရတနာကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် အဆိုပါဘုန်းတော်ကြီးကျောင်း၌ နေထိုင်ပညာသင်ကြားနေသော Grade-10 မှ 12 အထိ ကျောင်းသားကျောင်းသူ ၂၆၇ ဦးအတွက် ဆန်၊ ဆီနှင့် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်း ကြည့်ရှုအားပေး

**မော်လမြိုင် နိုဝင်ဘာ ၂၁**

သံဖြူ မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ပညာဇောတအား အမှူးထား၍ ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးပါဝင်မှုနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ ၏ ဦးဆောင်မှုနှင့် စက္ခုအလင်းကျန်းမာရေး ကုသိုလ်ပြု အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ ဆေးရုံကြီးတွင် အခမဲ့မျက်စိ



စမ်းသပ်ခွဲစိတ် ကုသပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ မျက်စိဌာန၌ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်/သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက မျက်စိအမြင်အာရုံ ချို့ယွင်းသူများအား အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မျက်စိဝေဒနာရှင်များအား အာဟာရမုန့်များ၊ ရေသန့်ဘူးများ အခမဲ့ဝေငှပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပြီးသော မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေး၍ ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ကာ မျက်စိအထူးကု ဆရာဝန်ကြီးများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက လည်းကောင်း၊ ပင်စင်လစာများ ထုတ်ပေးခြင်းကို မြို့နယ်အလိုက် မြန်မာ့စီးပွားရေးဘဏ်များ၌လည်းကောင်း၊ အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို စားသုံးသူရေးရာဦးစီးဌာနကလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီနှင့် ကြက်ဥများကို စားသုံးသူရေးရာဦးစီးဌာနမှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ပင်စင်လစာစနစ်တကျ ထုတ်ပေးနေခြင်းကို ကြည့်ရှုအားပေးကာ အငြိမ်းစားဝန်ထမ်းများအား အာဟာရမုန့်များ ဝေငှပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒစ်ဂျစ်တယ်ခေတ်မှာ မြန်မာ့ MSMEs တို့ ကမ္ဘာနဲ့ရင်ပေါင်တန်းစေဖို့

သျှင်မေ

လွန်ခဲ့တဲ့ သုံးလလောက်က ရန်ကုန်မြို့ လယ်ကောင် လူစည်ကား တဲ့လက်ဖက်ရည်ဆိုင်မှာ ဆိုင်ပိုင်ရှင်ဖြစ်သူ မိတ်ဆွေနဲ့ စကားပြောဖြစ်တယ်။ "ဆိုင်ကို လူမှုကွန်ရက်တွေကနေတစ်ဆင့် မှာယူတာများလာတယ်" လို့ သူက ဝမ်းသာစွာပြောပြတယ်။ ဒ့ါအပြင် အစားအသောက်မှာယူနိုင်တဲ့ အွန်လိုင်းအက်ပလီကေးရှင်းတွေကလည်း အမှာစာတွေ မနားတမ်း ရောက်လာတတ်တယ်လို့ သူက ဆက်ပြောပြတယ်။ KBZ Pay လို၊ Wave Pay လို၊ AYA Pay လို မိုဘိုင်းပိုက်ဆံတွေနဲ့ ငွေလွှဲ၊ Messenger ကနေ အမှာစာပို့၊ ဈေးကွက်ကိုလည်း အွန်လိုင်းကနေ ရှာတယ်။ ဒီဆိုင်လေးရဲ့ အောင်မြင်မှုဟာ မြန်မာနိုင်ငံက MSMEs (Micro, Small and Medium Enterprises) တွေ ဒစ်ဂျစ်တယ်ခေတ်ထဲ ဘယ်လိုဝင်ရောက်နေပြီဆိုတာကို ပြနေတဲ့ ဥပမာတစ်ခုပါပဲ။

### မြန်မာ့စီးပွားရေးရဲ့ ရေသောက်မြစ်

မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ MSMEs လို့ခေါ်တဲ့ စီးပွားရေးလုပ်ငန်းငယ်တွေအပေါ် မှီတင်းနေရပါတယ်။ ဒေသက လက်မှုပစ္စည်းလုပ်ငန်းလေးတွေ၊ မြို့ပြကအစားအသောက်ဆိုင်တွေ၊ အွန်လိုင်းက စတိုးဆိုင်ငယ်လေးတွေ ဒါတွေအားလုံးဟာ နိုင်ငံ့စီးပွားရေးရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုပြီး လူသန်းပေါင်းများစွာရဲ့ အသက်မွေးဝမ်းကျောင်းကို ထောက်ပံ့ပေးထားပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့ ရင်းနှီးမြှုပ်နှံမှုနည်းပါးတာ၊ ဒစ်ဂျစ်တယ်နည်းပညာကို လက်တွေ့အသုံးချနိုင်မှုအားနည်းတာနဲ့ ဈေးကွက်ဗဟုသုတမပြည့်စုံတာ စတဲ့ စိန်ခေါ်မှုတွေကြောင့် သူတို့ရဲ့အလားအလာနဲ့ စွမ်းအားကို အပြည့်အဝထုတ်သုံးနိုင်ခြင်း မရှိသေးပါဘူး။

### ဒစ်ဂျစ်တယ်ပြောင်းလဲမှု

ရန်ကုန်မြို့ ဗိုလ်တထောင်ဈေးအနီးက ဒီဇိုင်နာတစ်ဦးရဲ့ ဓာတ်လမ်းက ရိုးရှင်းပါတယ်။ သူဟာ ချုပ်ထားတဲ့အထည်တွေကို လူမှုကွန်ရက်တွေ၊ အွန်လိုင်းတွေပေါ်တင်ပြီး ဓာတ်ပုံကောင်းကောင်းလေးတွေရိုက်၊ ဗီဒီယိုအတိုလေးတွေတင်၊ ဖောက်သည်တွေနဲ့ တိုက်ရိုက်ဆက်သွယ်တယ်။ ရလဒ်ကတော့ နိုင်ငံတစ်ဝန်းက ဖောက်သည်တွေ ရှိလာခဲ့တာပါပဲ။ ဒစ်ဂျစ်တယ်နည်းပညာက MSMEs အတွက် ဘယ်လို အခွင့်အလမ်းသစ်တွေ ဖွင့်ပေးနေသလဲဆိုတာကို မြင်ရမှာပါ။ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တွေဖြစ်တဲ့ KBZ Pay, Wave Money တို့ဟာ ငွေသားကိုင်တွယ်မှုနည်းပါးစေပြီး လုံခြုံမှုပေးနိုင်တယ်။ အွန်လိုင်းဈေးကွက်ရှာဖွေရေးနည်းလမ်းတွေက လုပ်ငန်းတွေကို ဒေသခံဈေးကွက်ကနေ နိုင်ငံတကာဈေးကွက်အထိ တိုးချဲ့နိုင်စွမ်းကိုပေးပါတယ်။

### ကမ္ဘာ့စီးပွားရေးပြောင်းလဲမှုနှင့် မြန်မာ့ MSMEs အတွက် အခွင့်အလမ်း

၂၀၂၅ World Investment Report အရ ယနေ့ကမ္ဘာမှာ စီးပွားရေးမူဝါဒတွေ ရိုးရှင်းတဲ့ချဉ်းကပ်ပုံနဲ့ လုံလောက်မှုမရှိတော့တာကို တွေ့ရပါတယ်။ ငွေကြေးဆိုင်ရာမူဝါဒတွေက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေနဲ့ ချိတ်ဆက်လုပ်ကိုင်လာကြတယ်လို့ သိရပါတယ်။ အထူးသဖြင့်တော့ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်မှာ ဘဏ္ဍာရေးမူဝါဒတွေပါ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းဖို့ လိုအပ်လာပါတယ်။ အာဆီယံဒေသတွင်းမှာဆိုရင် ဗီယက်နမ်နိုင်ငံရဲ့ အောင်မြင်မှုကို လေ့လာရင် သိနိုင်ပါတယ်။

ဗီယက်နမ်ဟာ စီးပွားရေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို အချိုးညီညီ ပေါင်းစပ်ရာကနေ အောင်မြင်မှုရှိခဲ့တဲ့နိုင်ငံပဲဖြစ်ပါတယ်။ ခန့်မှန်းချက်အရ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးဟာ ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ ရောက်ရှိမယ်လို့ သိရှိရပါတယ်။ အဲဒါဟာ ဒေသတွင်းနိုင်ငံတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ ဒီအပြောင်းအလဲကို လွတ်မသွားဖို့ လိုပါတယ်။

> "မြန်မာနိုင်ငံရဲ့ MSMEs ဟာ ဒစ်ဂျစ်တယ်နည်းပညာကို ကောင်းစွာအသုံးချနိုင်မယ်ဆိုရင် ကျေးလက်ဒေသက လက်မှုပစ္စည်းလေးတွေဟာ နိုင်ငံတကာဈေးကွက်ကို ရောက်ရှိသွားနိုင်မယ်၊ ကျေးရွာလေးတစ်ရွာက စားသောက်ကုန်တွေဟာ မြို့ကြီးတွေဆီ ရောက်ရှိသွားနိုင်မယ်။ သို့သော် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒစ်ဂျစ်တယ်စီးပွားရေးယဉ်ကျေးမှုကို မွေးမြူဖို့ လိုအပ်ပါတယ်"

ကုန်သွယ်ရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်တွေ ပြောင်းလဲနေတာ၊ ကုန်ထုတ်နည်းပညာတွေ တိုးတက်လာတာဟာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် သက်ရောက်မှုရှိပါတယ်။ သမားရိုးကျထုတ်လုပ်မှုပုံစံတွေကို ဒစ်ဂျစ်တယ်ကုန်ထုတ်စက်ကိရိယာတွေ အသုံးပြုထားတဲ့ MSMEs ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။

### ပေကျင်းမြူနီစီပယ်ရဲ့ One Stop Service စနစ်

> "ပြီးခဲ့တဲ့ သီတင်းပတ်က ပေကျင်းမြို့ရဲ့ Beijing Government Service Center ကို လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီနေရာမှာ တွေ့ရတဲ့ One - Stop Service စနစ်က သိပ်ပြီးပြည့်စုံတာကို မြင်တွေ့ခဲ့ရတယ်။ ပေကျင်းမြို့က မြို့ခံတွေဟာ အိမ်ဆောက်မလား၊ လုပ်ငန်းလုပ်မလား၊ သက်တမ်းတိုးမလား၊ ငွေချေးယူမလား၊ အငြင်းပွားစရာတစ်ခုခု ဖြေရှင်းမလား၊ ဘာကိုပဲလုပ်ချင်လုပ်ချင် အားလုံးကို တစ်နေရာတည်းမှာ အပြီးဆောင်ရွက်ပေးတာ၊ ဝန်ဆောင်မှုပေးတာကို မြင်တွေ့ရတယ်"

**ပြီးခဲ့တဲ့ သီတင်းပတ်က ပေကျင်းမြို့ရဲ့ Beijing Government Service Center ကို လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီနေရာမှာတွေ့ရတဲ့ One Stop Service စနစ်က သိပ်ပြီးပြည့်စုံတာကို မြင်တွေ့ခဲ့ရတယ်။ ပေကျင်းမြို့က မြို့ခံတွေဟာ အိမ်ဆောက်မလား၊ လုပ်ငန်းလုပ်မလား၊ သက်တမ်းတိုးမလား၊ ငွေချေးယူမလား၊ အငြင်းပွားစရာတစ်ခုခု ဖြေရှင်းမလား၊ ဘာကိုပဲလုပ်ချင်လုပ်ချင် အားလုံးကို တစ်နေရာတည်းမှာ အပြီးဆောင်ရွက်ပေးတာ၊ ဝန်ဆောင်မှုပေးတာကို မြင်တွေ့ရတယ်။**

ဒီစနစ်က စီးပွားရေးလုပ်ငန်းရှင်တွေကို အချိန်ကုန်သက်သာစေရုံသာမက ရှုပ်ထွေးလှတဲ့ ရုံးလုပ်ငန်းစနစ်တွေကိုလည်း လျှော့ချပေးနိုင်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စီးပွားရေးဆိုင်ရာဒစ်ဂျစ်တယ် One Stop Service Platform တွေရှိပေမယ့် ယခုထက် ပိုမိုပြည့်စုံလက်တွေ့ကြလာမယ်ဆိုရင် ကျေးလက်က လက်မှုပညာရှင်ဖြစ်စေ၊ မြို့ပြက စားသောက်ဆိုင်ပိုင်ရှင်ဖြစ်စေ အင်တာနက်ပေါ်မှာ ဥပဒေနဲ့အညီ လွယ်လင့်တကူ အလုပ်စတင်နိုင်မှာ အသေအချာပါပဲ။

### ကိုယ်ပိုင်လုပ်ငန်းတစ်ခုစတင်ဖို့ လက်တွေ့ကျကျစဉ်းစားစို့

မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် MSMEs ကဏ္ဍက အသက်သွေးကြောပမာ အရေးပါလှသလို အသစ်အသစ်သော လုပ်ငန်းရှင်တွေထွက်ပေါ်ဖို့အတွက်လည်း များစွာပံ့ပိုးပေးဖို့လိုပါတယ်။

ဒီနေရာမှာ လုပ်ငန်းစတင်လိုသူတွေအတွက် လုပ်ငန်းအကြံဉာဏ် (Business Idea)၊ ဈေးကွက်ရှာဖွေစစ်တမ်း (Market Research)၊ ရင်းနှီးမြှုပ်နှံငွေခန့်မှန်းတာ (Capital Estimation)၊ လုပ်ငန်းနေရာ (Location Selection)၊ လုပ်ငန်းမှတ်ပုံတင်တာ (Business Registration)၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးတာ (Branding & Packaging)၊ လုပ်ငန်းလည်ပတ်မှုစနစ်တည်ဆောက်တာ (Operation Set up)၊ ကြော်ငြာနဲ့ ဈေးကွက်ရှာဖွေတာ (Promotion & Marketing)၊ ရောင်းချမှုလမ်းကြောင်းတွေ တည်ဆောက်တာ (Sales Channels)၊ စာရင်းအင်းစနစ်တကျပြုစုတာနဲ့ ဥပဒေနဲ့အညီဆောင်ရွက်တာ (Accounting & Legal Compliance) စတဲ့ အချက်တွေကို မေ့ထားလို့မရပါဘူး။

**နိုင်ငံတော်ကလည်း MSME လုပ်ငန်းသစ်တွေအတွက် အခွန်ဖြေလျှော့တာ၊ စတင်စရိတ်အတွက်ထောက်ပံ့တာ စတာတွေရှိသလို မှတ်ပုံတင်တဲ့အခါ DICA၊ မြို့နယ်အုပ်ချုပ်ရေးရုံး၊ FDA စတဲ့ သက်ဆိုင်ရာရုံးတွေမှာ အချက်အလက်တွေ ဖြည့်ဆည်းပြီး တစ်လလောက်အတွင်းမှာ လုပ်ငန်းစတင်လည်ပတ်လို့ရနိုင်ပါတယ်။ MSME အဖြစ် မှတ်ပုံတင်ထားခြင်းအားဖြင့် ကုန်သွယ်ခွန်အချို့ကိုလည်း လျှော့ပေါ့ခွင့်ရနိုင်ပါတယ်။ အရေးကြီးတဲ့ရောင်းချမှုလမ်းကြောင်းအဖြစ် အော့ဖ်လိုင်းရောင်းချမှုတွေအတွက် ကုန်စုံဆိုင်တွေ၊ စူပါမားကက်တွေကို အားကိုးနိုင်ပြီး အွန်လိုင်းအတွက် Facebook၊ TikTok၊ Grab၊ FoodPanda စတဲ့ ပလက်ဖောင်းတွေကို သုံးနိုင်ပါတယ်။ အဲဒီလိုပဲ အွန်လိုင်းကနေ လက်ကားရောင်းချသူတွေနဲ့ ချိတ်ဆက်ပြီး အပ်ပို့ဝန်ဆောင်မှုတွေနဲ့ ရောင်းချလို့ရပါတယ်။**

### MSMEs ပြပွဲ၊ ပြိုင်ပွဲများ

နိုင်ငံတော်အနေနဲ့ MSMEs ရဲ့ စွမ်းရည်ကိုဖော်ထုတ်ဖို့နဲ့ အားပေးဖို့အတွက် နှစ်စဉ် MSMEs ပြပွဲတွေ၊ ဆန်းသစ်တီထွင်မှုပြိုင်ပွဲတွေနဲ့ စီးပွားရေးအစီအစဉ်ပြိုင်ပွဲတွေကို မကြာခဏကျင်းပပေးလျက်ရှိပါတယ်။ ဒီပြပွဲတွေဟာ MSMEs လုပ်ငန်းရှင်တွေ မိမိတို့ထုတ်ကုန်တွေကို ပြသဖို့၊ ဖောက်သည်အသစ်တွေနဲ့ မိတ်ဆက်နိုင်ဖို့၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ တွေ့ဆုံနိုင်ဖို့အပြင် ဆန်းသစ်တဲ့ စီးပွားရေးအကြံဉာဏ်တွေအတွက် ဆုငွေရရှိဖို့ အခွင့်အလမ်းကောင်းတွေဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ခုကနေ အနိုင်ရခဲ့တဲ့ လက်ဖက်ခြောက်လုပ်ငန်းရှင်တစ်ဦးဟာ ဆုငွေကနေ ထုတ်လုပ်ဖို့ စက်ကိရိယာအချို့ကို ဝယ်နိုင်ခဲ့ပြီး သူ့ရဲ့ ထုတ်လုပ်မှုစွမ်းရည်ကို သုံးဆအထိ မြှင့်တင်နိုင်ခဲ့တယ်လို့ သတင်းတွေမှာ ဖတ်ရှုခဲ့ရဖူးပါတယ်။

### ဒစ်ဂျစ်တယ် စီးပွားရေးယဉ်ကျေးမှုကိုဖော်ဆောင်

**မြန်မာနိုင်ငံရဲ့ MSMEs ဟာ ဒစ်ဂျစ်တယ်နည်းပညာကို ကောင်းစွာအသုံးချနိုင်မယ်ဆိုရင် ကျေးလက်ဒေသက လက်မှုပစ္စည်းလေးတွေဟာ နိုင်ငံတကာဈေးကွက်ကို ရောက်ရှိသွားနိုင်မယ်၊ ကျေးရွာလေးတစ်ရွာက စားသောက်ကုန်တွေဟာ မြို့ကြီးတွေဆီ ရောက်ရှိသွားနိုင်မယ်။ သို့သော် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒစ်ဂျစ်တယ်စီးပွားရေးယဉ်ကျေးမှုကို မွေးမြူဖို့လိုအပ်ပါတယ်။**

လုပ်ငန်းရှင်တွေနဲ့ ဝန်ထမ်းတွေအတွက် ဒစ်ဂျစ်တယ်စီးပွားရေး **စီမံခန့်ခွဲမှု၊** အွန်လိုင်းဈေးကွက်ရှာဖွေရေး၊ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု အသုံးပြုနည်းဆိုင်ရာ အခြေခံကျင့်ဝတ်တွေ၊ အသုံးပြုနည်းတွေနဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ လူငယ်တွေအတွက် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ပညာရေးကို စနစ်တကျ မိတ်ဆက်ပေးသင့်သလို အွန်လိုင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းနဲ့ စံညွှန်းတွေ ချမှတ်ပေးခြင်းအားဖြင့် အွန်လိုင်းလှည့်ဖြားမှုတွေ၊ အချက်အလက်ခိုးယူမှုတွေကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် နေရာဒေသမရွေး ဈေးသက်သာပြီး မြန်ဆန်တဲ့ အင်တာနက်ဝန်ဆောင်မှုရရှိရေးကလည်း ဒစ်ဂျစ်တယ်ပြောင်းလဲမှုရဲ့ အခရာကျတာကိုလည်း သတိပြုသင့်ပါတယ်။

ဒစ်ဂျစ်တယ်ပြောင်းလဲမှုဟာ MSMEs အတွက် ရွေးချယ်စရာမဟုတ်တော့ဘဲ ရှင်သန်တိုးတက်ရန်အတွက် မဖြစ်မနေလိုအပ်တဲ့ ကိရိယာတစ်ခုဖြစ်လာပါပြီ။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံတော်ကပံ့ပိုးပေးနေတာတွေကို အသုံးချလို့ MSMEs ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ အားလုံးရဲ့တာဝန်ပဲဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ကြီးထဲမှာ မြန်မာ့ MSMEs ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုရင်း။ ။



တရားမဝင် နိုင်ငံခြားသားများထားရှိသည့် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။





ထွက်ပြေးတိမ်းရှောင်နေသည့် နိုင်ငံခြားသား ၃၅၁ ဦး ဖမ်းဆီးထိန်းသိမ်းရရှိမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်အဆောက်အအုံတစ်ခုအတွင်း ဖြုတ်သိမ်းထားသည့် starlink များ တွေ့ရစဉ်။



ထွက်ပြေးတိမ်းရှောင်နေသည့် နိုင်ငံခြားသား ၃၅၁ ဦး ဖမ်းဆီးထိန်းသိမ်းရရှိမှုကို တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့်အဆောက်အအုံများ ဖြိုချနေမှုကို တွေ့ရစဉ်။

○ *ကျောဖုံးမှ*

မြဝတီ-မဲထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၄ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၉၆ လုံး ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့စတုတ္ထနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ ရှင်းယုံလီဝင်းအတွင်းရှိ ၁၂ထပ်အဆောက်အအုံသုံးလုံးနှင့် ကိုးထပ်အဆောက်အအုံ သုံးလုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ starlink ဗန်း ၁၀၁ လုံးနှင့် Router ၂၁ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၁၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၆ ဦး၊ ကင်ညာနိုင်ငံသား ၁၄ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၇၅ ဦး၊ တောင်အာဖရိကနိုင်ငံသား ရှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၂၉ ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊ ပါကစ္စတန်နိုင်ငံသား သုံးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား နှစ်ဦး၊ မော်ရိုကိုနိုင်ငံသား တစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ ကင်မရွန်းနိုင်ငံသား ခြောက်ဦး၊ မွန်ဂိုးလီးယားနိုင်ငံသား တစ်ဦးနှင့် တရုတ်(တိုင်ပေ)မှ တစ်ဦး စုစုပေါင်း ၃၅၁ ဦးတို့ကို ယနေ့တွင်ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၆၇ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ starlink ဗန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံး ပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၂၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၆၄၀ ကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လူနေအဆောက်အအုံ လေးထပ် C 3 အား ဖောက်ခွဲရန် ယမ်း ၁၅၀ ကီလိုဂရမ် တပ်ဆင်နေစဉ်။



လူနေအဆောက်အအုံ လေးထပ် C 3 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် C 12 အား ဖောက်ခွဲရန် ယမ်း ၁၅၀ ကီလိုဂရမ် တပ်ဆင်နေစဉ်။



## ရေနံချောင်းမြို့၌ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေး

**ရေနံချောင်း နိုဝင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနနှင့် ရေနံချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဆယ်ကျော်သက်အရွယ် အထက်တန်း ကျောင်းသားကျောင်းသူများ၏ နေထိုင်စားသောက်မှုပုံစံများကိုလေ့လာကာ ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယမန်နေ့က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ဆေးသုတေသနဦးစီးဌာနအဖွဲ့မှ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ ကျောင်းသားကျောင်းသူ ၅၂ ဦးအား သွေးပေါင်ချိန်၊ အရပ်၊ ကိုယ်အလေးချိန် တိုင်းတာခြင်း၊ သွေးဖောက် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး သွေးအားနည်းရောဂါများ၊ သွေးတိုး၊ ဆီးချို၊ သွေးတွင်း သကြားဓာတ်များခြင်းရောဂါစစ်ဆေးတွေ့ရှိပါက အထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော
မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ။

# ဂျပန်ဝန်ကြီးချုပ် Mrs. Takaichi ၏ ထိုင်ဝမ်အရေးနှင့်ပတ်သက်၍ ပြောကြားချက်အပေါ် မီဒီယာများ၏မေးမြန်းချက်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

ဒီနေ့မှာတော့ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ပြောကြားချက်အပေါ် မြန်မာနိုင်ငံရဲ့သဘောထားကို မီဒီယာများရဲ့ မေးမြန်းချက်ကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီးပြောကြားချက်များကို ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ တွေ့လိုက်ရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ သဘောထားရပ်တည်ချက်ကတော့ နံပါတ်တစ် မြန်မာနိုင်ငံအစိုးရဟာ တရုတ်နိုင်ငံရဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို ခိုင်မာစွာ ထောက်ခံရပ်တည်လျက်ရှိပါတယ်။ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် မြန်မာနိုင်ငံက ခိုင်မာစွာထောက်ခံရပ်တည်လျက်ရှိကြောင်းကို မြန်မာနိုင်ငံယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံရချိန်တိုင်းမှာ ထပ်လောင်းအတည်ပြုခိုင်မာစွာပြောကြားခဲ့ပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ကတော့ တရုတ်-မြန်မာနှစ်နိုင်ငံဟာ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများနဲ့ အေးအတူပူအမျှအသိုက်အဝန်းကို တည်ဆောက်နေတဲ့နိုင်ငံများဖြစ်ပါတယ်။ ဒီအချက်အပေါ်မှာ မြန်မာနိုင်ငံက အထူးအလေးထား တန်ဖိုးထားပါတယ်။ နံပါတ်သုံးအချက်အနေနဲ့ကတော့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ရဲ့ ပထမအချက်ပါအတိုင်း တရုတ်နိုင်ငံရဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ်မှာ မြန်မာက လေးစားပြီး ၎င်းအချက်အပေါ်မှာ ကာကွယ်ခြင်းကို မြန်မာက အစဉ်အမြဲထောက်ခံရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွှေလောင်းမြို့နယ် မရမ်းချောင်ရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါရွာမှ ပြန်လည်ထွက်ခွာ၍ ညနေပိုင်းတွင် ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၁၁ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၁၀၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

၁။ ကလေးနှလုံးသွေးကြောတစ်ချောင်း အပိုပါလို့ ဒီမှာနယ်လှည့်ဆရာဝန်တွေ လာတယ်ဆိုလို့ လာပြတာပါ။ နှလုံးသွေးကြောက စိုးရိမ်ရတယ်တဲ့။ ၆ ဒသမ ၅ တောင်ရှိတယ်တဲ့။ အပေါက် တော်တော်ကျယ်တယ်တဲ့။ အဲဒါ ဒီကလေးက အရေးကြီးတယ်တဲ့။ နှလုံးက မဖြစ်မနေ ပိတ်ရမယ်တဲ့။ ကြာရင်တော့ မကောင်းဘူး။ စိုးရိမ်ရတယ်လို့ ပြောတယ်။ ဒီလိုမျိုး နယ်လှည့်ဆရာဝန်တွေလာတော့လည်း ကိုယ်တွေအတွက်လည်း ကောင်းပါတယ်။ သူများတွေအတွက်လည်း ကောင်းတယ်။ ဆရာဝန်ကြီးတွေလည်း ဘုန်းကြီးပါစေ။ အသက်ရှည်ကျန်းမာပါစေ။ အခုလိုမျိုး လာရောက်ပြီးတော့ အခမဲ့လာရောက်ကုသပေးတာ သူတို့လည်း ဒီထက်မက ဘုန်းကြီးအသက်ရှည်ပြီးတော့ နိုင်ငံ့တာဝန်တွေလည်း ထမ်းဆောင်နိုင်ကြပါစေ။

၂။ ကျွန်မက ရွှေလောင်း အထက ကျောင်းက အလယ်တန်းပြဆရာမပါ။ ဆီးချိုနဲ့ လက်မအရွတ်ရောင်တာ လာပြတာပါ။ ဗိုလ်ကြီးတွေကလည်း ကျကျနန စိတ်ရှည်လက်ရှည်နဲ့ သေချာရှင်းပြတယ်။ သေချာလည်း ကုပေးပါတယ်။ လိုအပ်တဲ့ဆေးဝါးတွေလည်း လုပ်ပေးလိုက်ပါတယ်။ အဲလိုဆိုတော့ ဆရာမတို့လည်း စိတ်ချမ်းသာရတာပေါ့။ ကိုယ့်ရပ်ကိုယ့်ရွာနဲ့ နီးနီးနားနားမှာရောက်လာပြီးတော့ ပြရတယ်ဆိုတော့ အခက်အခဲမရှိဘူး။ အားလုံးအဆင်ပြေတယ်။ နယ်လှည့်ဆေးကုသအဖွဲ့ ဆရာဝန်ကြီးတွေအကုန်လုံး နောက်တစ်ခါ စေတနာ့ဝန်ထမ်းတွေ အကုန်လုံး ဝိုင်းဝန်းပြီးတော့ ကူညီပေးကြတယ်။ ရပ်ရွာရေး၊ အဖွဲ့အစည်းတွေအကုန်လုံးက စေတနာပါပါနဲ့ စိတ်ပါလက်ပါနဲ့ အားတက်သရော လုပ်ပေးကြတာကို တွေ့ရတယ်။ အဲဒီအတွက် အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**









# မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်းသီးနှံ ဆီထွက်မျိုးစေ့ပေးအပ်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၁**

မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါးဧက ၂၅၂၁၂၀ စိုက်ပျိုးထားရှိရာ ယနေ့နံနက်ပိုင်းက မရဲ့အုန်းပင်စုကျေးရွာအုပ်စု မရဲ့အုန်းပင်စုကျေးရွာမှ တောင်သူ ဦးတင်အောင်သန်း၏ လယ်မြေ၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ကျင်းပသည်။

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြပြီး အောင်နိုင်တိုး စပါးမျိုးကွဲကို ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြု စံကွက်သုံးမျိုး ရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှ အထွက်နှုန်း တင်း ၁၁၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့် ဓာတ်မြေသြဇာပေးအပ်ပွဲနှင့် ဆောင်းသီးနှံ ဆီထွက်(နေကြာနှင့် ပဲပုပ်) မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသော တောင်သူများထံသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဆောင်းသီးနှံဆီထွက် (နေကြာနှင့်ပဲပုပ်) မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်**
**(ပြန်/ဆက်)**



# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်












**နေပြည်တော် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၄၆၅ ဦးအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၀၊ ခွဲစိတ်ရောဂါ ၅၀၊ သွားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၈၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၀၊ မျက်စိရောဂါ ၈၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် တပ်မတော်နယ်လှည့် အထူးကု ဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ် ကံချိုင်ကျေးရွာနေ ဦးရဲဇော်ဝင်း၏ဇနီး ဒေါ်ဖုန်းနန္ဒာမြင့်၏ ပထမဆုံးကိုယ်ဝန်ကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ခုနစ်ပေါင်ရှိ သမီးဦးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။

၎င်း ကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက်နှင့် ၂၄ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ အရင်တုန်းက အဝေးကိုကြည့်လိုက်လို့ရှိရင် မီးလုံးကိုပဲဖြစ်ဖြစ် လကိုပဲကြည့်ကြည့် ကျွန်တော် တစ်ပြုံကြီး လေးငါးဆယ်လုံး ပုံစံလိုမျိုး မြင်နေရပါတယ်။ ကျွန်တော်တို့တစ်သက်လုံးမှာ ဒီမျက်စိလေးကောင်းသွားတဲ့အတွက်ကို ကျွန်တော်တို့မှာ ဘာမဆိုအကုန်လုံးကို ထူးထူးခြားခြား ကျွန်တော်မြင်ရတယ်။ စေတနာကောင်းကောင်းနဲ့ ကျွန်တော်တို့ကို ကုပေးပါတယ်။ ကျွန်တော်တို့ဝမ်းထဲမှာလည်း မပြောတတ်တဲ့ပီတိတွေ ခံစားရပါတယ်။

၂။ အခုတစ်ဖက်က ပြန်ခွဲရတယ်။ ကျေးဇူးတင်ပါတယ်။ ဆရာဝန်လေးတို့ ကုသိုလ်ကတော့ ယူမကုန်အောင်ရမယ်၊ ဝမ်းလည်းသာတယ်၊ ကြည်လည်းကြည်နူးတယ်၊ ကျန်းမာပါစေ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ အဘွားက မေတ္တာပို့ပေးတာ။ ဘယ်နေရာသွားသွား စိတ်ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။

၃။ ခုလိုမျိုး မြေးမလေး မွေးပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ အခုမွေးဖွားပေးတဲ့အချိန်မှာလည်း ဆရာဝန်၊ ဆရာမတွေအားလုံးက ကျန်းမာရေး ဂရုစိုက်ပေးပါတယ်။ကျန်းမာရေးလည်းကောင်းပါတယ်။ အမေလည်းကောင်းပါတယ်။ ကလေးလည်းကောင်းပါတယ်။ **သတင်းစဉ်**

## ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈-ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၈၉၂ ဧကရှိသော နယ်မြေကို ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။


ဝါရှောင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တောင်တန်းဂေဟစနစ်ရေရှည်တည်တံ့စေရန်နှင့် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝလာစေရန်၊ ရေအရင်းအမြစ်ဒေသများ ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သစ်၊ တိုင်၊ မျော၊ ထင်းများအား စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဝါရှောင် (တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် တောင်ပေါ်အမြဲစိမ်းတောသစ်မျိုးများဖြစ်သည့် စကားဝါ၊ ခလောင်၊ ချယ်ရီ၊ ငါးပေါက်၊ ဆေးခါး၊ ယမနေ၊ တောင်တမာ၊ ရင်းမာ၊ ကညင်၊ မအူစသည့် ဒေသသစ်မျိုးများနှင့် ကရဝေး၊ ဆင်တုံးမနွယ်၊ တောရှောက်၊ ကျားမှတ်ဆိတ်၊ ကျားလက်ဝါး၊ ကျောက်ဂျင်းစသည့် ဆေးဖက်ဝင်အပင်များအား ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ မျောက်လွှဲကျော်၊ ချေ၊ ဆတ်၊ ဒရယ်နှင့် ကြက်တူရွေး၊ စွန်၊ သိန်းငှက်၊အောင်လောင်စသော ကျေးငှက်မျိုးစုံများ၊ စပါးကြီး၊ စပါးအုံး၊ သင်းခွေချပ်စသည့် ရှားပါး တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသအခေါ်အင်ချွန်းတောင်ဧရိယာရှိ သဘာဝသစ်တောသစ်ပင်နှင့် ရေထွက်များ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းမည့် ရေထိန်းတောဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါ သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ချမ်းမြသာစည်မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာ

**ချမ်းမြသာစည် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ယနေ့နံနက်ပိုင်းကစတင်၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာထားရှိရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**အလင်းသစ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ပူးတွဲကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရှိရန် ဝင်ခွင့်နေရာ လေးနေရာအတွက် အသင်းပေါင်း ၁၆ သင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

လမ်းကြောင်း (က) တွင် အီတလီနှင့် မြောက်အိုင်ယာလန်၊ ဝေးလ်နှင့် ဘော့စနီးယား၊ လမ်းကြောင်း (ခ) တွင် ယူကရိန်းနှင့် ဆွီဒင်၊ ပိုလန်နှင့် အယ်လ်ဘေးနီးယား၊ လမ်းကြောင်း (ဂ) တွင် တူကီယဲနှင့် ရိုမေးနီးယား၊ ဆလိုဗက်ကီးယားနှင့် ကိုဆိုဗို၊ လမ်းကြောင်း (ဃ) တွင် ဒိန်းမတ်နှင့် မြောက်မက်ဆီဒိုးနီးယား၊ ချက်ဇ်နှင့် အိုင်ယာလန်အသင်းတို့ ပါဝင်သည်။

လမ်းကြောင်းတစ်ခုစီမှ ဗိုလ်လုပွဲတွင် အနိုင်ရရှိမည့် အသင်းလေးသင်းသာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိမည်ဖြစ်သည်။ **အောင်ဇော်**

# ပြင်းထန်သောရာသီဥတု အကျပ်အတည်းကိုဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**ဂျီနီဗာ နိုဝင်ဘာ ၂၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဆိုးရွားပြင်းထန်သည့်ရာသီဥတုအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် မျှတပြီး ဟန်ချက်ညီသော သဘောတူညီချက်တစ်ရပ် အမြန်ဆုံးအကောင်အထည်ဖော်ရန် ကမ္ဘာ့နိုင်ငံများအား နိုဝင်ဘာ ၂၀ ရက်က တိုက်တွန်းလိုက်သည်။

ဘရာဇီးနိုင်ငံ အမေဇုန်မြို့တော်ဖြစ်သော ဘဲလမ်းတွင် ကျင်းပလျက်ရှိသော အကြိမ် (၃၀) မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲရေး ညီလာခံ၏ သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး ရာသီဥတုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ နောက်ဆုံးအဆင့်အထိ ရောက်ရှိနေပြီဖြစ်သည်။

ထိခိုက်လွယ်သောအသိုက်အဝန်းများသည် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးအတွက် မစောင့်နိုင်တော့ကြောင်း ဂူတာရက်စ်က မှတ်ချက်ပြုပြောကြားခဲ့မှုနှင့်အတူ ဘုံသဘောတူညီချက်တစ်ခုအမြန်ရရှိရန် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များကို တိုက်တွန်းခဲ့သည်။

၂၀၁၅ ပါရီသဘောတူညီချက်မှစတင်ပြီး ဆယ်စုနှစ်အတွင်း တိုးတက်မှုသည် လုံလောက်ခြင်းမရှိကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။ မိမိတို့သည် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ပြင်းပြင်းထန်ထန် ဖြတ်တောက်ခြင်းဖြင့် ပိုမိုမြန်ဆန်စွာ လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

တချို့နိုင်ငံများသည် ဓာတ်ငွေ့ထုတ်လွှတ်မှု ထိပ်ဆုံးအထိရောက်ရှိနေကြောင်း၊ ၎င်းတို့ကို ယခု ၁၀ စုနှစ်အတွင်း ထက်ဝက်အထိ လျှော့ချသွားရမည်ဖြစ်ကြောင်းနှင့် ၂၀၅၀ တွင် သုညအဆင့်အထိ ရောက်ရှိအောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

ကုလသမဂ္ဂအကြီးအကဲက ဂေဟစနစ်များကိုကာကွယ်ရန် အရေးကြီးကြောင်းနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအဆင့်အထိရောက်ရှိရန် ငွေကြေးထောက်ပံ့မှုများလည်းအရေးကြီးကြောင်း ဦးစားပေးပြောကြားခဲ့သည်။

၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုကို ရပ်တန့်ရန်နှင့် သစ်တောပြုန်းတီးမှုမဖြစ်အောင် ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်မှသာ သဘာဝတရားက အကာအကွယ်တစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှုအတွက် ၂၀၃၅ ခုနှစ်အထိ တစ်နှစ်လျှင် အနည်းဆုံးအမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံရရှိရေးတွင် ဦးဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။




ဘတ်ဂျက်ကန့်သတ်ချက်ရှိသည်ဆိုသည်ကို မိမိတို့သိရှိသော်လည်း ပိုမိုကြီးမားသော အကျိုးသက်ရောက်မှုကိုရရှိရန် ဘဏ္ဍာရေးစနစ်သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ရုံသာမက အရင်းမြစ်များကို ပိုမိုများများရရှိစေနိုင်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ထို့အပြင် နိုင်ငံရေးအင်အားစုများကိုလည်း လိုအပ်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် ဂူတာရက်စ်က တိုက်တွန်းပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ထပ်ဆောင်းကာကွယ်ဆေးတိုက်ကျွေးသည့် လှုပ်ရှားမှုပြုလုပ် ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား -၂ ဖြစ်ပွားမှုကို တရားဝင်အဆုံးသတ်

**ဂျကာတာ နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံသည် သုံးနှစ်နီးပါးကြာ တစ်နိုင်ငံလုံးရှိ ကလေးများကို ထပ်ဆောင်းကာကွယ်ဆေးအနေဖြင့် ကာကွယ်ဆေးအလုံးရေ သန်း ၆၀ ခန့် တိုက်ကျွေးပေးပြီးနောက် ပိုလီယိုဗိုင်းရပ်စ် အမျိုးအစား -၂ ဖြစ်ပွားမှုကို တရားဝင်အဆုံးသတ်လိုက်နိုင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။



၂၀၂၄ ဇွန်လမှစတင်ကာ ကလေးငယ်များတွင် ပိုလီယိုဖြစ်ပွားမှု မတွေ့ရှိရတော့ချေ။ ၂၀၂၅ နိုဝင်ဘာ ၁၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား - ၂ ဖြစ်ပွားမှုကို အဆုံးသတ်လိုက်နိုင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တရားဝင်ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ အောင်မြင်မှုသည် ဒေသတွင်း ပိုလီယိုကင်းစင်သည့် အခြေအနေကို အားကောင်းစေပြီး ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ် အောင်မြင်မှုဖြစ်သည်ဟု အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ဒေသဆိုင်ရာဒါရိုက်တာဖြစ်သူ ဆိုင်ရာမာ ပီယူကာလာက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် တတိယသုံးလပတ်အတွင်း OPV-2ကာကွယ်ဆေးကိုအသုံးပြုပြီး တစ်နိုင်ငံလုံးအနှံ့ ကာကွယ်ဆေးပေးခြင်းများ နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ပိုလီယိုကာကွယ်ဆေး ဒုတိယအကျော့ တိုက်ကျွေးမှုတွင် ၂၀၂၃ ခုနှစ်၌ ၆၃ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၇၃ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်ခဲ့သည်။

ကာကွယ်မှုကို အရှိန်မြှင့်တင်ရန်အတွက် အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနသည် DPT-HB-Hib နှင့် IPV,တို့ပေါင်းစပ်ထားသည့် ကာကွယ်ဆေးကို ၂၀၂၅ ခုနှစ်အောက်တိုဘာလအတွင်း ပြည်နယ်အချို့တွင် မိတ်ဆက်ခဲ့ပြီး လာမည့်နှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဝေသွားရန် စီစဉ်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃၊ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ပိုလီယိုအမြစ်ပြတ်ရေးလှုပ်ရှားမှုအောက်တွင် လွတ်လပ်သော အကဲဖြတ်မှုများကိုဆောင်ရွက်ခဲ့ပြီး နောက်ထပ် ကူးစက်ခံရမှုမတွေ့ရှိရကြောင်း အတည်ပြုခဲ့သည်။

ပြည်နယ်အချို့တွင် ကာကွယ်ဆေးတိုက်ကျွေးမှု လစ်ဟင်းချက်များ ရှိနေဆဲဖြစ်သည့်အတွက် ပိုလီယိုရောဂါအန္တရာယ်မှာ ရှိနေဆဲဖြစ်ပြီး ကျေနပ်အားရမှုမရှိနိုင်သေးဟု အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီး ဗူဒီဂူနာဒီဆာဒီကင်းက ပြောသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း စွမ်းအင်တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် သုံးစွဲ

**ဖနောင်ပင် နိုဝင်ဘာ ၂၁**

၂၀၂၅ ခုနှစ် ပထမ ၁၀ လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂ ဘီလီယံတန်ဖိုးရှိ ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့များကို တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါ တင်သွင်းမှုပမာဏမှာ ယမန်နှစ်ကထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဒီဇယ်ဆီတင်သွင်းခြင်းအတွက် ဒေါ်လာ ၁ ဒသမ ၀၇ ဘီလီယံကိုသုံးစွဲခဲ့ရာ ယမန်နှစ်ကထက် ၁၁ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း၊ အလားတူ ဓာတ်ဆီတင်သွင်းခြင်းအတွက် ဒေါ်လာ ၆၇၅ သန်း သုံးစွဲရာ ယမန်နှစ်ကထက် ၁၆ ရာခိုင်နှုန်း လျော့နည်းကြောင်း၊ ထို့ပြင် သဘာဝဓာတ်ငွေ့တင်သွင်းခြင်းမှ ဒေါ်လာ ၂၇၅ သန်းရှိရာ ယမန်နှစ်ကထက် ၀ ဒသမ ၃၃ ရာခိုင်နှုန်းတိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသည် ရေနံနှင့် ဓာတ်ငွေ့တင်သွင်းမှုအပေါ် အပြည့်အဝမှီခိုနေရကြောင်း သိရသည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ပြုလုပ်နေသည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ အစည်းအဝေးပွဲ ကျင်းပရာနေရာတွင် မီးလောင်မှုဖြစ်ပွားသည့်အတွက် ယာယီဆိုင်းငံ့ထား

**ရီယိုဒီဂျနေးယိုး နိုဝင်ဘာ ၂၁**

ဘရာဇီးနိုင်ငံ ဘဲလမ်းမြို့၌ ပြုလုပ်နေသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး COP30 ဆွေးနွေးပွဲ ပွဲကျင်းပရာနေရာ၌ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ယာယီဆိုင်းငံ့ထားရကြောင်း သိရသည်။

ဘရာဇီးအစိုးရနှင့် အခြားသော သတင်းအရင်းမြစ်များ၏ ဖော်ပြချက်အရ မီးလောင်မှုကို ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ သို့သော်လည်း မီးခိုးငွေ့ရှူရှိုက်မိသည့်အတွက် ၁၃ ဦး ဆေးကုသမှုခံယူနေရသည်။

ညီလာခံကျင်းပရာ ခန်းမများနှင့် ပြခန်းများတည်ရှိရာ အပြာရောင်ဇုန်ဧရိယာတွင် နိုဝင်ဘာ ၂၀ ရက်က မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် အခင်းဖြစ်ပွားရာနေရာ၌ လူများစွာရှိနေသည်။

၎င်းတို့ထဲတွင် အစိုးရကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းမဟုတ်သည့်အဖွဲ့ဝင်များနှင့် မီဒီယာအဖွဲ့ဝင်များ ပါဝင်သည်။ ရဲများနှင့်လုံခြုံရေးအရာရှိများက ၎င်းတို့အား အပြင်ဘက်သို့ ခေါ်ဆောင်သွားခဲ့သည်။ ညီလာခံကျင်းပမှုကို နိုဝင်ဘာ ၂၁ ရက်တွင် အပြီးသတ်ရန် စီစဉ်ထားကြသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်၌ ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၁၂ ဦး သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် လူနေရပ်ကွက်တစ်ခုရှိ ဓာတုစက်ရုံတစ်ခု၌ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၁၂ ဦးသေဆုံးပြီး အခြားသူများလည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့၏ သတင်းရင်းမြစ်များက ပြောကြားသည်။

ဖိုင်လာဆာဘတ်မြို့ရှိ စက်ရုံအတွင်း ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် စက်ရုံမှတစ်ဆင့် ကြီးမားသည့်မီးလောင်မှုမှာ လျင်မြန်စွာပျံ့နှံ့လောင်ခဲ့ကြောင်း၊ အနီးနားရှိနေအိမ်များကို မီးကူးစက်လောင်ခြင်းမှကာကွယ်ရန် မီးသတ်သမားများက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရင်းမြစ်များအရ သိရသည်။

အဆိုပါပေါက်ကွဲမှုကြောင့် အနီးနားရှိနေအိမ်များ၏ နံရံများနှင့် အမိုးများ ပြိုကျမှုဖြစ်ပွားသဖြင့် ဒေသခံများ သေဆုံးဒဏ်ရာရရှိခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို အနီးနားရှိ ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ၎င်းတို့အနက်အချို့မှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဇေယျာသီရိမြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ ဇေယျာ မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းများအား နိုဝင်ဘာ ၂၁ ရက်မှစတင်၍ ဒီဇင်ဘာ ၄ ရက် အထိ ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထား ကြေညာရာပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။



အဆိုပါ မဲစာရင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက် အထိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ နှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဒုတိယအကြိမ် အဖြစ် ကပ်ထားကြေညာမည် ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင် ကြောင်း မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ထွန်းလင်း (ဇေယျာမြေ)**



## သာယာဝတီမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**သာယာဝတီ နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင် အမည်စာရင်းများကို အများပြည်သူကြည့်ရှုနိုင်ရေး မြို့ပေါ်ရပ်ကွက် များနှင့် ကျေးရွာအုပ်စုများရှိအုပ်ချုပ်ရေးမှူးရုံးများတွင် ယနေ့နံနက်ပိုင်း ကစ၍ ကပ်ထားကြေညာထားကြောင်း သိရသည်။

အဆိုပါ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများပြသထားရှိမှုကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကြေညာထားမည်ဖြစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် များက ရပ်ကွက်(၂၁) ရပ်ကွက်ကျေးရွာအုပ်စု (၄၈) အုပ်စုတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ၏ မဲဆန္ဒရှင်အမည်စာရင်းများကို ပြည်သူများ အလွယ်တကူကြည့်ရှုနိုင်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးခဲ့သည်။ **အောင်ဝတီ (သာယာဝတီ)**

## ရွှေတောင်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ရွှေတောင် နိုဝင်ဘာ ၂၁**

ရွှေတောင်မြို့နယ်အတွင်းရှိ နိုင်ငံ့ ဝန်ထမ်း အငြိမ်းစားများအား မဲပေးစက်ဆိုင်ရာ အသိပညာပေး ခြင်းနှင့် လက်တွေ့စမ်းသပ်မဲ ပေးခြင်း သင်တန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက် သည်။



အဆိုပါ သင်တန်းကို ရွှေတောင် မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်း ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် အဖွဲ့ ဝင်များ၊ မြို့နယ်ထွေ/အုပ်ဝန်ထမ်း များသည် အုပ်စုအဖွဲ့များ ခွဲ၍ ရွှေတောင်မြို့နယ် အတွင်းရှိ သရက်တောရပ်ကွက် မြန်မာ့ စီးပွားရေးဘဏ်၊ ကြာနီကန် ရပ်ကွက် မြို့နယ်ဆေးရုံအစည်း အဝေးခန်းမတို့၌ ကွင်းဆင်းကာ အီလက်ထရောနစ် မဲပေးစက် နှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများက လက်တွေ့ စမ်းသပ်မဲပေးကာ သိရှိလိုသည် များ မေးမြန်းခဲ့မှုအပေါ် ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ပြည်ပသို့ ပို့ကုန်များတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေအပြည့်အဝပြန်လည်ပေးသွင်းမှုမရှိသည့်အပြင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများအား ဆဲဆိုခြိမ်းခြောက်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးလုပ်ငန်းရှင် အချို့မှာ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာရှေးရှုပြီး နိုင်ငံတော်၏ စီးပွား ရေးနှင့် ငွေကြေးမူဝါဒများကို ကမောက်ကမဖြစ်စေ ရန်ရည်ရွယ်၍ မသမာသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိ သူများက သတင်းရရှိခဲ့ပြီး ၎င်းတို့အား ဖော်ထုတ်အရေးယူ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ရန်ကုန်တိုင်းဒေသ ကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒို အမှတ် ၈၀၃- ဘီ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Maha Nadi International Co.,Ltd. မှ ဒါရိုက်တာများဖြစ်သော ဦးရဲမင်းလွင်၊ ဒေါ်ကွန်သီ၊ ဒေါ်ဖြူဖြူဇင်၊ ဒေါ်မြင့်မြင့်လှိုင်နှင့် ဒေါ်ခင်စန်းသီတို့သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၄၂ သန်း ကျော်တန်ဖိုးရှိ မတ်ပဲ များတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာသန်း ၄၀ ကျော် ပြန်လည်ပေးသွင်းရန် ကျန်ရှိလျက်ရှိကြောင်း။

ထို့အတူ ဦးဟင်နရီခင်မောင်နှင့် ဒေါ်ဖြူဖြူဇင်တို့ နှစ်ဦးအမည်ဖြင့် တည်ထောင်ထားသည့် RK Shipping and Trading Co.,Ltd. အနေဖြင့် လည်း ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းကျော်တန်ဖိုးရှိ မတ်ပဲများ တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၂ သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ခြင်း မရှိ ကြောင်း တွေ့ရှိရသည်။




ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများမှတရားခံများ။

ထပ်မံစစ်ဆေးတွေ့ရှိချက်များအရ ဦးဟင်နရီခင်မောင်သည် သားဖြစ်သူ ဦးရဲမင်းလွင်နှင့် ခင်မင်ရင်းနှီးသည့် ဦးဗိုဗိုသန့်၏ Taw Thar Gyi Co.,Ltd. အမည်ခံ၍ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ မတ်ပဲနှင့် ပဲစင်းငုံများကို တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၃ သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည် ပေးသွင်းရန်ကျန်ရှိနေကြောင်း၊ ထို့အတူ ဦးရဲမင်းလွင်သည် Ocean Lion King Co.,Ltd. အမည်ကိုအသုံးပြု၍ ပဲမျိုးစုံတင်ပို့လျက် ရှိကြောင်း သတင်းရရှိသဖြင့် ထပ်မံစိစစ်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် အတွင်း ပြည်ပသို့အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော် တန်ဖိုးရှိ မတ်ပဲများကို တင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်း ရန် ကျန်ရှိလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့အပြင် ဦးရဲမင်းလွင်သည် နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည် ပေးသွင်းမှု မရှိသောကြောင့် ၎င်း၏ကုမ္ပဏီများအား ပို့ကုန်/သွင်းကုန် လိုင်စင်ပိတ်သိမ်းခံရမှုအပေါ် ကျေနပ်မှုမရှိသဖြင့် ပဲမျိုးစုံရောင်းဝယ် သည့် လုပ်ငန်းလုပ်ကိုင်ရန်အတွက် ကုန်သည်များ၊ ပွဲစားများ၊ တောင်သူ များ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် Online Pulses Myanmar Association အမည်ရှိ Viber Group ၌ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများကို ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်သည့် စာသားများ ရေးသား ဖော်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပသို့ပို့ကုန်များတင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည် ဝင်ရောက်ခြင်းမရှိခဲ့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်သည့် ဦးရဲမင်းလွင် (ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ကွန်သီ (ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ဖြူဖြူဇင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်မြင့်မြင့်လှိုင် (ဖမ်းမိ)၊ ဒေါ်ခင် စန်းသီ(ဖမ်းမိ)၊ ဦးဟင်နရီခင်မောင်(ဖမ်းမိ) ၊ ဦးဗိုဗိုသန့်(ဖမ်းမိ)နှင့် ဦးငွေးကို (ထွက်ပြေးတိမ်းရှောင်) တို့ ရှစ်ဦးနှင့် အသင်းမှ တာဝန်ရှိသူ များကို ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက် ခြင်းများ ဆောင်ရွက်ခဲ့သူ ဦးရဲမင်းလွင် (ထွက်ပြေးတိမ်းရှောင်) တို့အပေါ် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအလိုက် ထိရောက်စွာ အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

ယင်းတို့သည် နိုင်ငံတော်သို့ ပေးသွင်းရမည့် ပို့ကုန်ရငွေများကို ပေးသွင်းရန် ပျက်ကွက်ခဲ့သည့်အပြင် ရရှိသည့်ပို့ကုန်ရငွေများအား ဖျောက်ဖျက်ဆောင်ရွက်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ၎င်းတို့၏ ပိုင်ဆိုင်မှုများအပေါ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ လည်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေကြေးမူဝါဒများ တည်ငြိမ် စေရေးအတွက် ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းရန် ပျက်ကွက်သည့်အခြား ကုမ္ပဏီများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၁

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



လေးစားအပ်ပါသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်ရှင်လူကျေးရွာရှင် မိဘပြည်သူများ ခင်ဗျာ...

ကျွန်တော်ကတော့ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဦးဖြစ်ပါတယ်ခင်ဗျာ...

ကျွန်တော်တို့ပါတီပေါ်ပေါက်လာပုံကတော့ အဓိကဖွဲ့စည်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပြန်လည်ရင်ကြားစေ့ပြီး ညီညီညွတ်ညွတ်နဲ့ အတူတကွ ပူးပေါင်းနေထိုင်ကြပြီး နိုင်ငံ့ဝန်ထမ်းအားလုံးနဲ့ အခြေခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကထားပြီး ဖွဲ့စည်းတည်ထောင်ခဲ့ရခြင်းသာဖြစ်ပါတယ်...

နိုင်ငံရေး မိတ်ဖက်ပါတီတွေနဲ့ပူးပေါင်းပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံးနဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်ရေးကဏ္ဍတွေမှာ တစ်ထောင့်တစ်နေရာကနေ အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်...

လေးစားအပ်ပါသော မိဘ ပြည်သူများခင်ဗျာ... ကျွန်တော်တို့ ပြည်သူတွေဟာ ပဋိပက္ခအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ခဲ့ရတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးနှင့်ပတ်သက်ပြီး ပဋိပက္ခတွေ ဖြစ်လာပြီဆိုရင် ဦးစွာဒုက္ခခံစားရမှာကတော့ ကျွန်တော်တို့ပြည်သူတွေပဲဖြစ်ပါတယ်။ ထိုကဲ့သို့သော နိုင်ငံရေးပဋိပက္ခတွေ ဖြစ်မလာအောင် မိမိတို့ယုံကြည်ချက်ဖြင့် လက်နက်ကိုင်တော်လှန်ရေးလုပ်နေသော တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအမျိုးမျိုးတို့ကို တွေ့ဆုံစည်းရုံးညှိနှိုင်းပြီး မိဘပြည်သူများနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အေးချမ်းသာယာဝပြောသော နိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ရန် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(UADP) ဟာ ယခုကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ရွေးကောက်ခံခြင်းသာ အဓိကရည်ရွယ်ချက်ပဲဖြစ်ပါတယ် ခင်ဗျာ။

လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျာ... ကျွန်တော်တို့ ပါတီအနေဖြင့် တပ်မတော်အပေါ်ထားရှိသည့် သဘောထားကတော့......

အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်သည် ကောင်းမွန်သော ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေပြီး အမျိုးသားရေးစည်း၊ အမျိုးသားရေးအကျိုးစီးပွားကို အစဉ်အလာမပျက် ကာကွယ်ပေးသည့် အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် သတ်မှတ်ရမှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီရှိ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းတွေသာ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံရေးပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းပြီး မိဘပြည်သူများ မိမိတို့၏ နေ့စဉ် လူနေမှုဘဝလုံခြုံမှု ပြန်လည်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါကြွယ်ဝစေရန် အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အသီးသီး မိမိတို့၏ ယုံကြည်ရာဖြင့် လက်နက်စွဲကိုင်နေကြသော အဖွဲ့အစည်းအသီးသီးတို့နှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးကတိကဝတ်များပေးကာ ငြိမ်းချမ်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဖော်ဆောင်နိုင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးနှင့် တပ်မတော်ကြီးတို့အား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းအကောင်အထည်ဖော်ဖို့ကိုလည်း တပ်မတော်ကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်ခင်ဗျာ..

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်တို့ ပါတီ၏ မူဝါဒလမ်းစဉ်အနေဖြင့်......

ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းပြီး ငြိမ်းချမ်းစေပြီး ညီညီညွတ်ညွတ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဟူသော မူဝါဒကို လက်ကိုင်ထားရှိသည့် ပါတီအဖြစ်လည်းကောင်း၊

(Ethnic Centered Approach) ECA ဟူသော တိုင်းရင်းသားအားလုံးကို ဗဟိုပြုပြီး ဆွေးနွေးညှိနှိုင်းသော မူဝါဒကိုကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဟူသော သန္နိဋ္ဌာန်ချထားသော ပါတီအဖြစ်လည်းကောင်း၊

တိုင်းရင်းသားအားလုံးနှင့်အတူ လက်တွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန်အတွက် တိုင်ရင်းသားများ၏ လာရောက် ဆက်သွယ်လာမှုအား မစောင့်စားဘဲ ECA နည်းကိုကျင့်သုံးသွားမည့် ပါတီအဖြစ်လည်းကောင်း မိမိတို့အဖွဲ့အစည်းက လက်နက်ကိုင် တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးအဖြေရှာမှုမျိုးကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

ဒါ့အပြင် လက်နက်ကိုင်တိုင်းရင်းသားတို့နှင့် နိုင်ငံတော်၏ ပြည်သူပြည်သားများအတွက် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ကျရာနေရာမှာ တာဝန်ထမ်းဆောင်နေသော မြန်မာ့တပ်မတော်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ပေးနိုင်ရန်နှင့် ခဲရာခဲဆစ်ဖြင့် တည်ဆောက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စေရန် ဆောင်ရွက်ကြမည့် ကျွန်တော်တို့ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွှတ်တော်အတွင်း ဝင်ရောက်စေဖို့ရာ နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ၏ အသည်းကြားက မဲတစ်ပြားနှင့် ပို့ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ...

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ... ကျွန်တော်တို့ ပါတီအနေဖြင့်

ညီညွတ်မှုပြည်သာမည်၊ ညီညွတ်မှုအေးချမ်းမည်၊ ညီညွတ်မှုတိုးတက်မည်ဖြစ်သော -

ညီညွတ်မှုသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်တရားများအတွက် အခြေခံကျောက်တုံးပမာသာဖြစ်ပါတယ်... မြန်မာပြည်သူပြည်သားများအားလုံး၏ အခွင့်အလမ်းများ၊ ဂုဏ်သိက္ခာနှင့် အနာဂတ်အဆင့်မြင့်မှုတို့ကို ညီမျှစွာတည်ဆောက်သွားရန်လည်း စိတ်အားထက်သန်ရပါသည်...ခင်ဗျာ

မိမိတို့ပါတီ၏ လမ်းစဉ်အနေဖြင့်

ပထမဆုံးအနေဖြင့် ညီညွတ်မှုပြည်သာမည်ဖြစ်သော - လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုမရွေး ဆင်တူညီမျှသော အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ခြင်း၊ အမျိုးသားညီညွတ်ရေးကို အခြေခံ၍ အမျိုးသားအပြည်ပြည်ဆိုင်ရာ မိတ်ဆွေများပေါ်ပေါက်နိုင်ရေး တည်ဆောက်ခြင်း၊

ဒုတိယအနေဖြင့် ညီညွတ်မှုဖွံ့ဖြိုးမည်ဖြစ်သော စီးပွားရေးစနစ်တရားများအား မူတည်ပြီး MSME (အသေးစား အလတ်စားလုပ်ငန်းများ)ကို အားပေးခြင်း၊ အခြေခံပညာ၊ အထက်တန်းပညာနှင့် နည်းပညာ သိပ္ပံပညာစနစ်များကို တိုးတက်စေရန် အသစ်ပုံစံဖော်ဆောင်ခြင်း၊ စက်မှု လယ်ယာ၊ ကူးသန်းရောင်းဝယ်ရေးနှင့် နည်းပညာသစ်များအထိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

တတိယအနေဖြင့် ညီညွတ်မှ အေးချမ်းမည်ဖြစ်သော - စစ်ရေးအဓိကမဟုတ်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အစည်းအဝေးအား ဆောင်ရွက်ခြင်း၊ ပြည်သူများအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းသာယာသော လူမှုဘဝတည်ဆောက်ခြင်း၊

စတုတ္ထအနေဖြင့် ညီညွတ်မှတိုးတက်မည်ဖြစ်သော - လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အား ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားစေရန် နိုင်ငံအတွင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ခြင်း၊ လူငယ်နည်းပညာသိပ္ပံပညာရှင်များအတွက် နိုင်ငံအဆင့်အခွင့်အလမ်းများ ပေးနိုင်အောင် ဆောင်ရွက်ခြင်း၊

ပဉ္စမအနေဖြင့် ညီညွတ်မှုမှ ရွှေရောင်အနာဂတ်ပန်းတိုင်ဆီသို့ဖြစ်သော တိုးတက်မှု၊ အေးချမ်းမှု၊ ညီညွတ်မှုတို့ကို ပေါင်းစည်းထားသည့် "ရွှေရောင်အနာဂတ်" သို့ ဦးတည်နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ တိုးပွားပြီး အခွင့်အလမ်းတူညီသည့် လူမှုရေးအဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ မြန်မာပြည်ကြီး နိုင်ငံတကာတွင် ဂုဏ်သိက္ခာမြင့်မားစေရန်အတွက် တတ်သိပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ပါတယ် ခင်ဗျာ...

လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျာ... ကျွန်တော်တို့ ပါတီ၏ နိုင်ငံရေးမူဝါဒ လမ်းစဉ်အဖြစ် ......



မိမိတို့ပါတီသည် မြန်မာနိုင်ငံ၏ သမိုင်းဆိုင်ရာ ဖြစ်စဉ်များအပေါ် အခြေခံလျက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာလိုလားချက်များအပါအဝင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို မှန်ကန်ထိရောက်စွာ သယ်ပိုးဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲများတွင် ဝင်ရောက်ကာ ပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါတယ်...

- လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခြင်း၊
- ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို ဆက်လက်ကျင့်သုံးခြင်း၊
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊
- ဒေသအတွင်းအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်မည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာဆောင်ရွက်မည်။ အိမ်နီးချင်းကောင်း ပီသစွာ နေထိုင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်း၊
- နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလာသည့် မည်သည့်ပြည်ပစွက်ဖက်မှုမျိုးကိုမဆို ပြည်သူများနှင့်အတူ ဆန့်ကျင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်တွင် အသိပညာရှင် အတတ်ပညာရှင်များအတွက် လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်လာစေနိုင်သည့် အခြေအနေကောင်းများ ဖန်တီးဖြစ်ပေါ်စေရန်ဆောင်ရွက်ခြင်း၊
- ပညာရှင်များ၏ ဖန်တီးမှုများနှင့်မူပိုင်ခွင့်များအား ခိုင်မာစွာ အကာအကွယ်ပေးနိုင်ရေးကို ရပ်တည်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၊ နယ်ပယ်အသီးသီးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အရည်အချင်းနှင့်ကျွမ်းကျင်မှုများအလိုက် ထိုက်တန်စွာ တာဝန်ပေးဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများကို ဆောင်ရွက်ခြင်း၊
- အသိပညာရှင်၊ အတတ်ပညာရှင်များ၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီမှုများပြုလုပ်ပေးသွားမည်။ နိုင်ငံတော်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးစီးပွားအတွက် အဖွဲ့အစည်းများထူထောင်နိုင်ရေးကို ဆောင်ရွက်ခြင်း၊
- နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ အခြေခံလူတန်းစားများနှင့် နယ်ပယ်အသီးသီးတွင်ရှိကြသော ပြည်သူများအားလုံးအတွက် အိမ်ရာတိုက်ခန်းများအား ဈေးနှုန်းချိုသာစွာဖြင့် အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ငင်းဝယ်ယူခြင်းဖြင့်သော်လည်း ဆောက်လုပ်ရောင်းချနိုင်ရန် တွန်းအားပေးဆောင်ရွက်ခြင်း၊
- နိုင်ငံတော်မှ နိုင်ငံအနှံ့အပြားရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် အလို့ငှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အသား/ငါးများကို ရောင်းချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ် ခင်ဗျာ...

သို့ဖြစ်ပါ၍ မိမိတို့၏ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီအဖြစ် ရပ်တည်ဖို့ရာ နိုင်ငံရေးသမားများနှင့်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၊ လူမှုရေးပရဟိတအသင်းအဖွဲ့များစုပေါင်း၍ လူထုကြားမှပေါ်ထွန်းလာသော နိုင်ငံရေးပါတီဖြစ်ပါသောကြောင့် မိဘပြည်သူများ၏ အသည်းကြားက မဲတစ်ပြားသည် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် မြေဩဇာကောင်းသဖွယ်သာ ဖြစ်ပါကြောင်းနှင့်

ညီညွတ်မှုသာ အောင်မြင်မည်
ညီညွတ်မှုသာ ဖွံ့ဖြိုးမည်
ညီညွတ်မှုသာ အေးချမ်းမည်
ညီညွတ်မှုသာ တိုးတက်မည်ဟု ပြောကြားရင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်ရှင်လူ ကျေးရွာရှင်မိဘပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာနှင့် ပြည့်စုံကြပြီး စီးပွားလာဘ်လာဘများ ပွင့်လန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ...

## လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်

**လှည်းကူး နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စု ရဲမွန်ကျေးရွာကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး (ရုံးချုပ်) ဒေါက်တာဇာနည်မင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်လင်းသန်း၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စု ရဲမွန်ကျေးရွာသို့ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဆက်လက်၍ စီမံကိန်းရန်ပုံငွေ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခဲ့သော စာကြည့်တိုက် တည်ဆောက်ခြင်း လုပ်ငန်းကို ကြည့်ရှုရာ စာကြည့်တိုက်ရေရှည်တည်တံ့စေရေး၊ အကျိုးရှိစွာအသုံးချနိုင်ရေး မှာကြားခဲ့ပြီး ရဲမွန်ကျေးရွာ၌ RBF စီမံကိန်းဖြင့် နို့စားနွားမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## Green Gold ကော်ဖီသမဝါယမအသင်းမှ ကော်ဖီများ တင်ပို့ရောင်းချ

**တောင်ကြီး နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်မှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ပို့ကုန်အဖြစ် ကော်ဖီအဆန်စိမ်းများကို ၂၀၂၄-၂၀၂၅ ရာသီသီးနှံအတွက် ပဋ္ဌမအကြိမ် ဘယ်ဂျီယံနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကော်ဖီတန်ချိန် ၆၈ ဒသမ ၁၆ တန်ကို ဟိုပုံးမြို့နယ်မှ ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်း ဆရာဖြစ်သင်တန်းဖွင့်

**ချမ်းမြသာစည် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်း ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် သီးနှံစုံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သီးနှံစုံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်း ဆရာဖြစ်သင်တန်းကို သင်တန်းနည်းပြဆရာမ ဒေါက်တာမိုးဆွေရည်က စာတွေ့ လက်တွေ့ ဆွေးနွေးပို့ချခဲ့သည်။

အလင်းသစ်(ချမ်း/စည်)



## ကန့်ဘလူမြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကန့်ဘလူ နိုဝင်ဘာ ၂၁**

ကန့်ဘလူမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက အမှတ်(၅)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးစိုးစိုးက သစ်တောသစ်ပင်များ တန်ဖိုးထားတတ်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ တောအုပ် ဦးအောင်ကိုမင်းက သစ်တောများ တောမီးလောင်ကျွမ်းခြင်းမှ ကာကွယ်စောင့်ရှောက်တတ်စေရန်၊ တောမီးအန္တရာယ်များ၊ တောအုပ်ဦးအောင်မျိုးသန့်က မီးခိုးမြူငွေ့နှင့်ပတ်သက်၍ ဆိုးကျိုးအန္တရာယ်များ၊ မီးခိုးမြူငွေ့ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ပြီး လူသားများ၊ သဘာဝပတ်ဝန်းကျင်၏ သစ်တောသယံဇာတများ ထိခိုက်နစ်နာဆုံးရှုံးရမှုများ ဖြစ်ပေါ်စေနိုင်ပုံများနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းဖြင့် မီးခိုးမြူငွေ့၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာပြဿနာများကို လျှော့နည်းသက်သာစေနိုင်ကြောင်း စသည်ဖြင့် ဟောပြောဆွေးနွေးသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## ချောင်းဆုံမြို့နယ်၌ အောင်နိုင်တိုးမိုးစပါး စမ်းသပ်စိုက်ကွက် ကွင်းသရုပ်ပြရိတ်သိမ်း

**ချောင်းဆုံ နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် တောင်သူများ မျိုးကောင်းမျိုးသန့်စပါးများ အသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် မိုးစပါးတစ်ဧကအထွက်နှုန်းမြင့်မားရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အောင်နိုင်တိုးမိုးစပါး ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက နတ်မော်ကျေးရွာ ကွင်းအမှတ်(၆၁၃)ရှိ စိုက်ပျိုးရေးဦးစီးဌာန အောင်နိုင်တိုး စမ်းသပ်စိုက်ခင်း ဧက ၁ ဒသမ ၃၀ ၌ ကျင်းပသည်။

**မျိုးစပါးများ ဖြန့်ဝေမည်**

အဆိုပါ ကွင်းသရုပ်ပြပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ သက်ဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အတွင်း ပထမအကြိမ် စမ်းသပ်စိုက်ပျိုးသည့် အောင်နိုင်တိုး စိုက်ခင်းကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအခြောက်တင်း ၈၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ရရှိသည့်မျိုးစပါးများကို မြို့နယ်အတွင်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)





## ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်လမ်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**ခရမ်း နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို နိုဝင်ဘာ ၁၈ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံသည့် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ) အရည်အသွေးစစ်ဆေးအဖွဲ့တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ မြို့နယ်(ပြန်/ဆက်)

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ရာဇဌာနီလမ်းရှိ MOONSUN စက်သုံးဆီအရောင်းဆိုင်အား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများကို နိုဝင်ဘာ ၁၈ ရက်က ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးညီညီဝင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်စဉ်။

အောင်ကို(ပုဗ္ဗသီရိ)



**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**



အောင်လံမြို့ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖေယျာသက်ခိုင်နှင့် တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများမီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို နိုဝင်ဘာ ၁၈ ရက်က ဆောင်ရွက်စဉ်။

မျိုးသိန်း(ပြန်/ဆက်)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**လယ်ဝေး နိုဝင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ လယ်ဝေး ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် လယ်ဝေးမြို့နယ်



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၇ ရက်က လယ်ဝေးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (အင်ပု)၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေသွယ်က စနစ်တကျ အမှိုက်စွန့်ပစ်ရေးနှင့် ပလတ်စတစ် ညစ်ညမ်းမှုအကြောင်း၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဝင်းမွန်က ဗလငါးတန်နှင့် ပြည့်စုံရေးအကြောင်းတို့ကို အသိပညာပေး ဟောပြောကြပြီး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ထားဝယ်မြို့၌ ထားဝယ်ခရိုင်အဆင့် ယာဉ်မောင်း( မွမ်းမံ )သင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အဆင့် ယာဉ်မောင်း(မွမ်းမံ) သင်တန်းအမှတ်စဉ် ၆/၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်နိုင်က မီးသတ်တပ်ဖွဲ့တွင်ရှိသော မီးသတ်ယာဉ်များ ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်ရေးအတွက် နားလည်တတ်ကျွမ်းသည့် နည်းပြ ဆရာများနှင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်၍ တပ်ဖွဲ့ဝင်များအနေဖြင့် မခိုမကပ်ဘဲ ကြိုးစားသင်ယူလိုက်နာ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ထို့အပြင် ပိုလန်နိုင်ငံက ODA အစီအစဉ်ဖြင့် လက်ခံရရှိထားသော ခေတ်မီ Medium Fire Fighting &Rescue Vehicle (MFR)၏ စွမ်းဆောင်နိုင်မှု၊ ကိုင်တွယ်ထိန်းသိမ်းမှု သင်ခန်းစာများကိုလည်း သင်ကြားပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ခရိုင်အဆင့်ယာဉ်မောင်း (မွမ်းမံ)သင်တန်းတွင် သင်တန်းသား ၁၆ ဦးအား နိုဝင်ဘာ ၂၈ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**




## နတ်တလင်းမြို့၌ ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**နတ်တလင်း နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၇ ရက်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးကျော်ဇောအောင်က



ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်း အလုပ်လုပ်သော ကလေးများကို ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း ပညာဆက်သင်ယူရန်နှင့် ကလေးများလုပ်သော အလုပ်များနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ထိန်းချုပ်ခြင်းအကြောင်း အသိပညာပေး Talk Show ကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၂၁**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ထိန်းချုပ်ခြင်းအကြောင်း အသိပညာပေး Talk Show ကို နိုဝင်ဘာ ၁၇ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက အသိပညာပေး Talk Show ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သူဇာဦးက မီးခိုးမြူငွေ့အဓိပ္ပာယ်နှင့် ဖြစ်ပေါ်လာရသည့် အဓိကအကြောင်းအရင်းများ၊ မီးခိုးမြူငွေ့တွင် ပါဝင်သည့် လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမှုနှင့် လူများ၏ ကျန်းမာရေးထိခိုက်စေမှုများကို ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

## တောင်ငူမြို့၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း ဆောင်ရွက်

**တောင်ငူ နိုဝင်ဘာ ၂၁**

တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပညာရေးဌာနနှင့်



ပူးပေါင်း၍ တောင်ငူမြို့ အထက(၁)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ပညာသင်ကြားနေသော KG ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၁၇ ရက်က ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းအစီအစဉ် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင် ဦးဆောင်၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်ကို အဆိုပါကျောင်းရှိ KG ကျောင်းသား ကျောင်းသူ ၃၈ ဦးအား အဏုအာဟာရမှုန့်များ ထည့်သွင်းကျွေးမွေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို မြို့နယ်မိခင်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



## မောက်မယ်မြို့နယ်၌ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**မောက်မယ် နိုဝင်ဘာ ၂၁**

မောက်မယ်မြို့နယ် အထက(မောက်မယ်) နှင်းဆီဆောင်ခန်းမ၌ သစ်တောဦးစီးဌာန မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။

ဦးစွာ မောက်မယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုများကို လည်းကောင်း၊ မိုးနဲမြို့နယ် သစ်တောဦးစီးမှူး ဦးစိုင်းကျော်အောင်အောင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ၊ သစ်တောသစ်ပင်အရေးပါပုံများနှင့် သစ်တောဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောပြီး ရှင်းလင်းဆွေးနွေးချက်များအပေါ် မေးခွန်းတိုများမေးမြန်းရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများထဲက အဖြေမှန်သောသူများအား မောက်မယ်သစ်တောတာဝန်ခံ ဦးဇော်ညိုက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောက်မယ် (ပြန်/ဆက်)**




## လွိုင်ကော်မြို့၌ အဝေးပြေးယာဉ်လိုင်း Express ကားကြီးများ စတင်ပြေးဆွဲ

**လွိုင်ကော် နိုဝင်ဘာ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် လွိုင်ကော် - ရန်ကုန် ခရီးစဉ်ကို တိုက်ရိုက် စတင် ပြေးဆွဲလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်က လွိုင်ကော်မှရန်ကုန်သို့ ရွှေကိန္နရီနှင့် သိန်းသန်းကုဋေ ယာဉ်လိုင်းများမှ အဆင့်မြင့် Express ကားကြီးများဖြင့် စတင်ပြေးဆွဲလျက်ရှိသည်။

အဆိုပါယာဉ်လိုင်းများမှ လွိုင်ကော် - ရန်ကုန် ခရီးစဉ်ကို နံနက် ၇ နာရီနှင့် ၇ နာရီခွဲများတွင် လည်းကောင်း၊ ရန်ကုန် -လွိုင်ကော် ခရီးစဉ်ကို ညနေ ၃ နာရီတွင်လည်းကောင်း နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

လွိုင်ကော်မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးခရီးစဉ်များသို့ နေ့စဉ်ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းပေါင်း ၁၆ ခုရှိကြောင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



သရက်ချောင်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်လွင် ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးနေမျိုးဆေးနှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား အမည်ပေါက် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူမှ အမည်ပြောင်း လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက် အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဦးတင်ထွန်းခင် (ကွယ်လွန်) ၁၂/ဒဂန(နိုင်)၀၁၂၂၆၂ (မှ) | ဒေါ်ရီရီ ၁၂/ရကန(နိုင်)၀၂၆၀၂၁ | တိုက်(B-11)၊ အခန်း(703)၊ ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် |

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၆/၆ခ)၊ မြေဧရိယာ ၀ ဒသမ ၁၅၆ဧကရှိ မြေကွက်သည် မူလက ဦးတန်ဘောင်အားယော် အမည်ဖြင့် ၇-၈-၂၀၁၅ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးတန်ဘောင်အားယော်ထံမှ ဦးပိုင်(၂၆/၆ခ-၁)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ဧကအပိုင်းကို ဦးဂျပ်ဆမ်ဆွန်က ၆-၇-၂၀၂၅ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၅၉/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးဂျပ်ဆမ်ဆွန် ၁/မကန(နိုင်)၁၃၀၅၉၁ အမည်ဖြင့် ဦးပိုင်ခွဲ၊အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁ဃ၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၁၉၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်သည် မူလက ဦးသိန်းစိုးအမည်ဖြင့် ၂၄-၁၀-၂၀၂၆ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဦးသိန်းစိုးထံမှ ဒေါ်ဖြူဖြူဟန်က ၁၃-၈-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၀၄/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ဖြူဖြူဟန် ၁/ဝမန(နိုင်)၀၂၉၇၈၆ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/ 66016 Honda Dream C100 MN ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိင်္ဂီစိုး ၉/မရတ(နိုင်)၁၁၃၅၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/22497 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေလွင် ၉/မဟမ(နိုင်)၀၀၆၇၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7180 Daihatsu Hijet P/U (4 x 2) R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်တိုးစိန် ၈/ခမန(နိုင်)၀၄၆၅၅၇ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊မြေကွက်အမှတ်(၇၁၃/ခ)၊မြေကွက်တည်နေရာအမှတ်(၇၁၃/ခ)၊သာလွှာဝတီ(၁)လမ်း၊(၁၀/တောင်)ရပ်ကွက်၊သာကေတမြို့နယ်၊ဦးသန်းနိုင်အမည်ပေါက်၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်ဦးသန်းနိုင်သည်(၁၅-၉-၂၀၀၈)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဇနီးဖြစ်သူMA KYI HLINE(၁၂/သကတ(ပြု)၀၀၀၉၈၆)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၉၉၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးဂျလာဒင် ၁၀/ခဆန(နိုင်)၀၇၄၉၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၈၁)၊ ၅၅ x ၅၆ကြား၊ ၁၀၃ x ၁၀၄ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်သိန်း၏ (GPရရှိသူ ဦးခေါန်ကွေးယုံ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၂၂၉၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ရီချင်း ၁၃/ကခန(ဧည့်) ၀၀၀၁၁၉ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၆၅/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၄၄၀၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၁၀/မလမ(နိုင်)၃၁၉၀၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မောင်းမကန်ကျေးရွာအုပ်စု၊ မောင်းမကန်ကျေးရွာနေ ဦးစိုးတင့်၏သမီး မဇင်ဖြိုးဝေ ၈/မဘန(နိုင်)၁၇၂၆၈၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-295582) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၃၉၇၃၃၅

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အကွက်အမှတ်(၇၂)၊ ဦးပိုင်အမှတ်(၁၀၂၆/က) အမည်တွင်သော မြေကွက်၏ တောင်ဘက်ခြမ်း၊ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (ရေ+မီး)အစုံ၊ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဝယ်ယူကာ လက်ရှိလက်ရောက်ရယူကာ နေထိုင်ပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇေယျာဝင်း (ဘ) ဦးအောင်သိန်း ၅/မရန(နိုင်)၂၀၈၅၇၆ နှင့် ဒေါ်ခိုင်သဥ္ဇာအောင် (ဘ) ဦးအောင်သိန်း တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းနိုင်ဦး (စဉ်-၁၀၈၇၃)** | **ဒေါ်ပွင့်ဖြူကျော် (စဉ်-၁၄၂၀၆)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၃၅ D လမ်း၊ ၉၀ x ၉၁ လမ်းကြား၊ အကွက်အမှတ်(၃၃၆)၊ စိန်ပန်းရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၉၅၇၆၄၆၅၆၆၊ ၀၉-၄၃၁၀၂၈၉၈၊ ၀၉-၂၅၈၅၈၅၉၈၇**

## ကြော်ငြာစာ
## အကြောင်းကြားစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃
## အင်းစိန်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၇

ဒေါ်ကြည်ကြည်မော် လျှောက်ထားသူ

**ကွယ်လွန်သူ ဦးမြင့်အောင်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁)၊ အမှတ်(၁၄၉)ဟုခေါ်တွင်သော အလျား ပေ ၂၀ x အနံ ပေ ၃၀ ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်အုတ်ညှပ်နေအိမ်အဆောက်အအုံတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြင့်အောင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကြည်ကြည်မော်က အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြင့်အောင်၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်(ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ကြည်ကြည်မော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သူဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/2400 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူထွန်း ၁၂/ရပသ(နိုင်)၀၅၆၁၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/73231 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇင်ထွန်း(PTI-051666)က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၅)၊ ဦးပိုင်အမှတ် (၂၀)ခဲစင်း၊ ၆၉(A)လမ်း၊ ၁၁၆ x ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဘကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၂၀၅/၂၀၂၅ ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်း ၁၃/မဖန(နိုင်)၀၂၁၂၃၆၊ ဒေါ်ခင်ခင်စိန် ၉/ပကခ(နိုင်)၀၀၀၇၈၆၊ ဒေါ်မြတ်မွန်စိန် ၉/မနမ(နိုင်)၁၁၀၁၄၀ တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၅၅/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း ၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ - ၂၂)
## ကလောမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၃

| | | |
|---|---|---|
| ဒေါ်စုဝါထွန်း | နှင့် | ဒေါ်စန်းသီး |
| **တရားနိုင်** | | **တရားရှုံး** |

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက်နေ ဒေါ်စန်းသီး (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၂၀ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စုဝါထွန်း က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောနန်းထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၀

| | | |
|---|---|---|
| ဒေါ်ချောစုလှိုင် | နှင့် | ဒေါ်ခင်စိန် |
| **(တရားလို)** | | **(တရားပြိုင်)** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ် (၃၅/ ၂၄-၂၅) နေ ဒေါ်ခင်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချောစုလှိုင်က အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ရက်(၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းအောင်မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/57707 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘယသကြိန်လမ်း၊ တိုက်အမှတ် (၆၉၇)ဟု ခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈ထပ်ခွဲ) RC အဆောက်အအုံသစ်ပေါ်ရှိ (မြေညီထပ်xထပ်ခိုးအပါ) အကျယ်အဝန်း( ၁၇'x၅၆')၊ အမြင့်(၁၇)ပေ၊ (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အခြမ်း)ရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူ ကျောက်စိမ်းချယ်ရီ ကုမ္ပဏီလီမိတက်၏ ကန်ထရိုက်တာများဖြစ်ကြသော ဦးအောင်ကျော်ဦး ၁၂/ဒပန(နိုင်)၀၄၃၁၆၁၊ ဦးထွန်းထွန်းဝင်း ၁၂/ဒပန(နိုင်)၀၆၆၀၄၈ တို့နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းချုပ်ဆိုဝယ်ယူရန်အတွက် သဘောတူညီပြီး ၂၀-၁၁-၂၀၂၅ ရက်စွဲပါ နှစ်ဖက်သဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန်ရှိပါက ခိုင်မာသောပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအားယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော် ( LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၉/၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )**
**သံဖြူဇရပ်မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၉**

ဦးဝင်းဟန် နှင့် ၁။ ဦးသိန်းဦး ၂။ ဒေါ်စန်းဝင်း
၃။ ဦးအေးထွန်း(ခ)ဦးထွန်းနိုင်၊
၄။ ဒေါ်အေးမြင့်(ခ)ဒေါ်ခင်သီတာထွန်း
၅။ မောင်ဇင်ဘိုဘိုအောင်
(၎င်း၏နီးစပ်ရာမိတ်ဆွေ ဦးရမ်း ကွယ်လွန်သူ ဒေါ်ချိုချိုအေး၏ တရားဝင်ကိုယ်စားလှယ်)

**တရားလို** **တရားပြိုင်များ**

မုဒုံမြို့နယ်၊ ကွမ်ကဗွီးကျေးရွာ၊ အလယ်ပိုင်းနေ ဒေါ်အေးမြင့်(ခ)ဒေါ်ခင်သီတာထွန်း (ဘ)ဦးကရော်နှင့် မုဒုံမြို့နယ်၊ နိုင်းပြိုင်ကျေးရွာ၊ အရှေ့ပိုင်းနေ မောင်ဇင်ဘိုဘိုအောင်(ဘ)ဦးရမ်း (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်၊ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးခန့်လွင်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ(၃)လမ်း၊ အမှတ်(၇၀၂)နေ ဒေါ်သန်းသန်းဦး(၁၂/ဥကမ(နိုင်)၀၆၁၈၃၀)၏ လွှဲအပ်ချက်အရ ဦးလှမောင်(CE–၀၅၀၂၆၁)နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမောင် အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေခါဝီ(၁)လမ်း၊ အမှတ်(၁၃၀ဒ )ဟုခေါ်တွင်သော (အလျား၂၀ပေXအနံ၆၀ပေ)၊ ဧရိယာ ၁၂၀၀စတုရန်းပေရှိ ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သန်းသန်းဦးသည် ဦးလှမောင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ဝယ် ပိုင်ဆိုင်ထား ခဲ့သောမြေနှင့်အိမ်ဖြစ်ပါသည်။ ယခုအချိန်တွင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းဦးမှ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်သောအခြေအနေ ဖြစ်ပေါ်နေသောကြောင့် သတင်းစာပါသည့်ရက်မှ(၇)ရက်အတွင်း ဦးလှမောင်မှ ဒေါ်သန်းသန်းဦးနှင့်ဆက်သွယ်၍ ဦးလှမောင်မှ တာဝန်ရှိသည့်အတိုင်း ဒေါ်သန်းသန်းဦး အမည်ပေါက် ဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ဦးလှမောင်မှ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဒေါ်သန်းသန်းဦး အမည်ပေါက်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးလှမောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဦး၏ လွှဲအပ်ချက်အရ–**
**ဒေါ်နှင်းပွင့်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉– ၄၃၀၉၃၂၈၇**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2P/4361 ယာဉ်လက်ဝယ်ရှိသူ ဦးစံထွန်း ၁၃/နခတ(နိုင်)၀၁၆၇၀၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/29802, Yin Anbo–125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာသန်း ၉/မရမ(နိုင်)၀၈၁၇၀၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/21867, Yunde–110 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ရီချို ၇/ကဝန(နိုင်)၀၈၅၇၉၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/47190, Kenbo–110 ,(Wave–6) M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ရီချို ၇/ကဝန(နိုင်)၀၈၅၇၉၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၈၆**

ဒေါ်ဝါဝါဝင်း နှင့် ဦးတာ(၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးတင်ဝင်း)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁)ဘီယာစက်ရုံဝင်းအတွင်းနေ ဦးတာ(ဘ)ဦးမောင်(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးတင်ဝင်း(ဘ)ဦးဘစိန်)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ဝါဝါဝင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊အကွက်အမှတ်(ငင–၄)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၃ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊နိုဝင်ဘာလ(၁၉)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေယံမိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ စိန်ရတနာလမ်း၊ အိမ်အမှတ် ၇၆၆ နေ (ဘ)ဦးသောင်းဦး၏(သား)မောင်ဝင်းနိုင်ဦး ၁၂/အစန(နိုင်)၂၁၉၅၅၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၄၄၅၀၈၅၀**

## အမည်ပြောင်း

ဟင်္သာတမြို့နယ်၊ ကနောင်စုရပ်ကွက်၊ ကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–5(DAISY)အခန်းမှ (ဘ) ဦးကျော်ဇင်လင်း ၁၄/အဂပ(နိုင်)၂၁၅၉၉၉ ၏ သား မောင်အံ့သုခကို မောင်စွမ်းဆက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းဆက်အောင်**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ်(ပ–၂၀၇)ဆိုင်ခန်းအား အမှတ်(၁/၆၃၂)၊ အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့နေ ဦးဆန်းဝင်း(၉/လဝန(နိုင်)၁၆၆၂၉၉က အမည်ပေါက် ပိုင်ဆိုင်ပါသည်။

၂။ ပွဲရုံဆိုင်ခန်းအမှတ်(ပ–၂၀၇)ဆိုင်ခန်းအား အမှတ်(၄၁/င)၊ လေဆိပ်ရိပ်သာ(၂)လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျော်ကျော်ဟိန်း (၁၂/သခန(နိုင်)၁၀၈၅၆၃) အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထား တင်ပြလာပါသည်။

၃။ အဆိုပါ အခွန်ထမ်းအမည်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်)ကန့်ကွက်လွှာတွင် ခိုင်လုံသောအထောက်အထားတင်ပြနိုင်မှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးပါလမ်းနေ ဦးထိန်ဝင်းက ၎င်းအမည်ဖြင့် နှစ်(၃၀)မြေငှား ဂရန်ရရှိထားသော ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ငါးမျက်နှာဘုရားကြီးရပ်၊ ဦးပိုင်အမှတ်(၂၅၈)၊ ဧရိယာ(၀.၀၃၄)ဧကရှိမြေကို လူနေအိမ်အသုံးပြုခြင်းအတွက် မြေငှားစာချုပ် သက်တမ်းတိုးဂရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လက်ထောက်ကော်လိတ္တော်အရာရှိ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၉၉)ဟု ခေါ်တွင်သော ဒုတိယဗိုလ်မှူးကြီးချစ်ခင်အမည်ပေါက်၊ ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)အနက်မှ ခေါင်းရင်းခြမ်း အကျယ်အဝန်း(၂၂ပေX၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်အမာချို(၁၂/ဗတထ(နိုင်)၀၀၇၈၁၆)မှ တရားဝင်ပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝယ်ယူသူ ဒေါ်သီတာဝင်း(၁၂/လမန(နိုင်)၁၂၅၃၈၃)သို့ ရောင်းချရန် ကမ်းလှမ်းရာ ဝယ်ယူသူမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကျန်ငွေများအား ဆက်လက်ပေးချေမည်ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်သီတာဝင်း**
**(၁၂/လမန(နိုင်)၁၂၅၃၈၃)**

**ညွှန်ကြားချက်အရ–**
**ဒေါ်စန်းစန်းထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၀၂၅၃/၂၇–၁–၂၀၁၅)**
**အမှတ်(၅၅)၊ ဒုတိယထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ PH:09–43052942**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်– ၅ ၊ နည်းဥပဒေ–၂၀ )**
**မုံရွာခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁**

ဦးအောင်မြင့်ငွေး နှင့် ၁။ ဦးဉာဏ်ကြီး ၆။ ဒေါ်အေးမြင့်ကြည်
၂။ ဦးခင်မောင်မြင့် ၇။ ဒေါ်အေးမြင့်ရီ
၃။ ဦးခင်မောင်ဇော် ၈။ ဦးအောင်ကြည်စိုး
၄။ ဦးမောင်မောင်သက် ၉။ ဒေါ်ယဉ်ယဉ်မြင့်
၅။ ဒေါ်ဝါဝါ(ခ)ဒေါ်ယဉ်ယဉ်တင့်

**(တရားလို)** **(တရားပြိုင်များ)**

တရားပြိုင်(၂)ဖြစ်သော ဦးခင်မောင်မြင့်(ဘ)ဦးကျော်ရင်၊ တရားပြိုင်(၃) ဦးခင်မောင်ဇော် (ဘ)ဦးကျော်ရင်၊ တရားပြိုင်(၄)ဦးမောင်မောင်သက်(ဘ) ဦးကျော်ရင်၊ တရားပြိုင်(၅)ဒေါ်ဝါဝါ (ခ) ဒေါ်ယဉ်ယဉ်တင့် (ဘ) ဦးကျော်ရင်၊ အမှတ်–၁၁၂(စီ)၊ ၄၆X၄၇ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်မြင့်ငွေးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင် ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်(၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်) နံနက်၁၁:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်၊ ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယမင်းသန့်)**
**ဒုတိယခရိုင်တရားသူကြီး– ၃**
**မုံရွာခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ခွဲ)ဆောက်ဝိုင်းကြီးမှ အငယ်တန်းစာရေး ဒေါ်သူဇာသင်း ၁၂/တကန(နိုင်)၁၇၁၂၅၂၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀၁၁ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၃–၉–၁၉၉၄ ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက(ခွဲ)အနောက်စုမှ လက်ထောက်မူလတန်းပြဆရာမ နန့်တင်လှဝေ (၁၄/ပသရ(နိုင်)၁၁၉၅၉၅) နှင့် ဒေါ်တင်လှဝေမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန့်တင်လှဝေ(ခ)ဒေါ်တင်လှဝေ**
**၁၄/ပသရ(နိုင်)၁၁၉၅၉၅**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက(ခွဲ)အနောက်စုမှ လက်ထောက်မူလတန်းပြဆရာမ နန်းအေးသန္တာဝင်း (၁၄/ကကထ(နိုင်)၁၂၂၃၅၇)နှင့် နန့်အေးသန္တာဝင်းမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းအေးသန္တာဝင်း(ခ)**
**နန့်အေးသန္တာဝင်း**
**၁၄/ကကထ(နိုင်)၁၂၂၃၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၄၂၄) ဟုခေါ်တွင်သော မြေအလျားXအနံ (၄၀X၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်မောင် (DL–၀၀၂၈၇၇) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ထားထား (၉/မနမ(နိုင်)၀၅၅၆၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးထိန်ဝင်း (၁၃/တကန(နိုင်)၂၈၃၁၆၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉– ၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## အများသိစေရန်

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိ ရပ်ကွက်၊ ရွှေမြိုင်သီရိတိုးချဲ့၊ ဓမ္မသုခ(၁၂)လမ်း၊ အလျား(၅၀)ပေ x အနံ(၃၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၈၃)ဟုခေါ်တွင်သော RC နှစ်ထပ် လူနေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ကျွန်ုပ်မိတ်ဆွေ ဦးချိန်း(ဘ)ဦးနိုင်အောင်ဒတ် (၃/ကကရ(နိုင်)၀၂၉၀၁၄) မှ တရားဝင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်ဖြစ်ပြီး (၁၁–၈–၂၀၂၅)ရက်တွင် ဒေါ်သုဒီမာ (၁၀/မလမ(နိုင်)၂၁၁၂၅၁) သို့ အပြီးအပိုင်လက်ရောက် လွှဲပြောင်းပေးအပ်လိုက်ပြီးဖြစ်သည့်အပြင် ကျန်ရှိသည့် လယ်ကေများကို မောင်စိုးဝင်း၊ မောင်စိုးထွန်း၊ မောင်မင်းဗညားနွန်တို့မှ အညီအမျှခွဲဝေယူကြရမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးချိန်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မာဝေ(စဉ်–၄၄၇၆၁) အထက်တန်းရှေ့နေ**
**အမှတ်(၄၉၂)၊ လှိုင်ရွှေဝါလမ်း၊ သာယာအေးရပ်ကွက်၊ မော်လမြိုင်မြို့။ (ဖုန်း) ၀၉ – ၆၉၉၉၂၃၂၀၅**

## အများသိစေရန်

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၄)ရပ်ကွက်၊ သရဖီလမ်းကြား၊ အကွက်အမှတ်(၄၃)၊ အကွက်အမည်(ဗမာကြီးချောင်းတောင်)၊ ဦးပိုင်အမှတ်(၄၃–က)၊ ဧရိယာ(၀.၂၀၅)ဧက အနက်မှ အလျား(၁၄)တောင် x အနံ(၁၄)တောင်ရှိပြီး (၁၀)ပေလမ်းဘေးရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်လူနေအိမ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာအစိုးရရုံးဌာနများသို့အိမ်ခြံမြေကိစ္စအဝဝဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သိန်း ၃/ဘအန(နိုင်)၀၁၇၈၀၁ မှ (၂၀–၆–၂၀၂၅)ရက်တွင် အထွေထွေကိုယ်စားလှယ်စာအမှတ် – 7810/6/2025 ဖြင့် ဒေါ်သီသီမွန် ၃/ဘအန(နိုင်)၂၇၆၁၃၀ သို့ တရားဝင်လွှဲအပ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးမြင့်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာဝေ(စဉ်–၄၄၇၆၁) အထက်တန်းရှေ့နေ**
**အမှတ်(၄၉၂)၊ လှိုင်ရွှေဝါလမ်း၊ သာယာအေးရပ်ကွက်၊ မော်လမြိုင်မြို့။ (ဖုန်း) ၀၉ – ၆၉၉၉၂၃၂၀၅**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း– ၈)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀. ၀၅၅၁)ဧကရှိ ဒေါ်ဂျာခေါ်န် အမည်ပေါက်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဦးကျော်စိန်လွင်သန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူဦးကျော်ကျော်)ထံမှ ကျွန်မ ဒေါ်အိဖြူဖြူခင်က အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တာဝန်ရှိသော မြေကွက်ရောင်းချသူ ဦးကျော်စိန်လွင်သန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်)က ကျွန်မအားဖော်ပြပါ မြေနှင့်ပတ်သက်၍ ဤသတင်းစာကြေညာသည့်ရက်မှ(၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်စိန်လွင်သန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်)နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိဖြူဖြူခင်(ဘ)ဦးအိုက်ဝူး**
**(၁၃/တယန(နိုင်)၀၃၄၃၂၂)**
**အကွက်(အပိုင်း–၈/၈၄)၊ ရဲမွန်တောင်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ ပင်မွန်းကျေးရွာအုပ်စု၊ ထီယွန်းကျေးရွာနေ မလှနွယ်၏ ဖခင်အမည်မှန်မှာ မောင်ချစ်သောင်း ၁၃/ပလန(နိုင်)၀၃၇၂၉၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ (ဘ) ဦးသန်းကိုကို၏သား ကျွန်တော် မောင်ပြည့်ဖြိုးဇော် ၁၂/ဥကမ(နိုင်)၂၉၃၅၂၂၏ သင်္ဘောသား BST လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း–၀၉–၇၇၃၁၈၅၀၃၆**

## ဒွါဒသမ အကြိမ်မြောက်
## အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

Myanmar Edible Oil Industrial Public Company Limited ၏ ဒွါဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည့်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အားလုံးတက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည် -

**ကျင်းပမည့် နေ့ရက်** - ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်
**ကျင်းပမည့် အချိန်** - နံနက် (၁၀:၀၀) နာရီ
**ကျင်းပမည့် နေရာ** - Zoom Webinar

(၁) ဤဖိတ်စာနှင့် အတူ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ ၊ ဘဏ္ဍာရေးရှင်းတမ်း နှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ပူးတွဲ ပေးပို့အပ်ပါသည်။
(၂) အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက်များ ၊ မေးခွန်းများ မေးမြန်းလိုပါက စာဖြင့်ရေးသား၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့ ညနေ (၄:၀၀) နာရီ နောက်ဆုံးထားပြီး ကုမ္ပဏီရုံးခန်းသို့ အရောက် ပေးပို့ရပါမည်။
(၃) ကိုယ်စားလှယ်လွှဲစာဖြင့် အစည်းအဝေး တက်ရောက် မပေးလိုပါက ကိုယ်စားလှယ်လွှဲစာကို ဖြည့်စွက်လက်မှတ်ရေးထိုး၍ ကုမ္ပဏီသို့ (၇၂) နာရီ ကြိုတင်၍ ပေးပို့ရပါမည်။
(၄) အစည်းအဝေးသို့ တက်ရောက်ရန်အတွက် စာရင်းသွင်းရန် နှင့် အသေးစိတ် သိရှိလိုပါက ရုံးဖုန်း ၀၁-၂၃၀ ၂၅၅၇ ၊ ၀၉ ၈၈၀ ၁၉၀ ၀၁၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**Board of Directors**
**Myanmar Edible Oil Industrial Public Company Limited**

---

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက(ခွဲ)ရှမ်းငူမှ ဒု-အလယ်တန်းပြ(ကာယ)ဆရာမ ဒေါ်ဖြိုးအိမွန် ၁၄/ကကထ(နိုင်)၁၆၄၁၆၅၏ ဖခင် ဦးမောင်ဇော်နှင့် ဦးဖိုးဇော်မှာ လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်(ခ) ဦးဖိုးဇော်**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် TLR/4636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/9161 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ အမှတ်(၂၃)တွင် တည်ရှိသော Sky Suites Luxury Condominium ဟုခေါ်တွင်သော (၈-ခန်း)တွဲ (၂၃)လွှာရှိသောအဆောက်အအုံ ၏ အခန်းအမှတ် (၂၁၀၆)၊ (၂၁)လွှာ၊ အကျယ်အဝန်း(၁၂၂၀)စတုရန်းပေရှိ ကွန်ဒိုမီနီယမ် တိုက်ခန်းနှင့် ယင်းအခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးသက်နေစိုး ၉/မကန(နိုင်)၁၄၇၄၉၂ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုစုအောင် ၁၂/ရကန(နိုင်)၀၆၁၈၈၉ မှ စရန်ငွေပေးချေထားပြီးဖြစ်ပါ သည်။ အထက်ဖော်ပြပါ ကွန်ဒိုမီနီယမ်တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L) ဒေါ်ခိုင်ဇင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၅၄) အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၉)**
**တိုက်အမှတ် (၂၇၉)၊ အခန်းအမှတ် (၆-ဘီ)၊ (၇-လွှာ)၊ သုမင်္ဂလာလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက် အမှတ်(ဟ-၅)၊ ဦးပိုင်အမှတ်(၂၀)ခဲစင်း၊ ၆၉(A)လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဘကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၅/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်း ၁၃/မဖန(နိုင်)၀၂၁၂၃၆၊ ဒေါ်ခင်ခင်စိန် ၉/ပကခ(နိုင်)၀၀၀၇၈၆၊ ဒေါ်မြတ်မွန်စိန် ၉/မနမ(နိုင်)၁၁၀၁၄၀တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၅၄/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၆)၊ ဦးပိုင်အမှတ်(၄၂)၊၆၇(D)လမ်း၊ ၁၁၇x၁၁၈လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအုန်းကြိုင်(ခ)အုံးကြိုင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၄၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြသော် ၁၂/မဂတ(နိုင်)၀၁၁၆၄၀က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၄၉/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၉)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၁x၆၂ကြား၊ ၁၂၂x၁၂၃လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်လှိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၇၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးပုလဲ ၉/မတရ(နိုင်)၀၂၄၅၇၂ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၄၈/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၂)၊ ဦးပိုင်အမှတ်(၆၉)၊ ၆၃လမ်း၊ ၁၂၅x၁၂၆လမ်းကြားရှိတောဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဝင်းထွန်း၏(SPရရှိသူ ဒေါ်လှမြတ်သူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၀၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးလောမြင့်(ခ) မြင့်စိန် ၁၃/တကန(ဧည့်) ၀၀၀၇၇၉ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၄၇/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၅)၊ ဦးပိုင်အမှတ် (၁၆၃-က)၊ ၁၀၆လမ်း၊ ၅၅x၅၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်ဝင်းကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၁၈၉/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သေးသေး ၉/မရမ(နိုင်)၀၅၀၂၆၇ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၄၆/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၈၄)နေ ဦးညွန့်စိန် ၁၂/ပဘတ(နိုင်)၀၁၅၇၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညွန့်စိန်အမည်ဖြင့် မှတ်သားတည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမည်-ကျောက်အိုင်ကွင်း၊ ကွင်းအမှတ်-၉၈၇၊ ဦးပိုင်အမှတ်-၁၆(က/၆)၊ ဧရိယာ ၀ ဒသမ ၄၀ဧက၊ မြေမျိုးနှင့်အတန်း_R မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ လက်ဝယ်လက်ရောက် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းပိုင် အထက်ပစ္စည်းစာရင်းပါ မြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူ နှင့်ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B, D.B.L)** | **ဒေါ်မိုးမီမီခိုင် (LL.B, D.B.L)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်မြို့နယ်တရားရုံးတော်၌**

**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂**

ဒေါ်ယဉ်ယဉ်ဖြူ (တရားလို) နှင့် ဦးဝေလင်းကို (တရားပြိုင်)

ညောင်ဦးမြို့နယ်၊ တောင်ဘကျေးရွာ၊ တိုးဂိတ်အနီးနေ(ဦးမြင့်အောင်-ဒေါ်မော်မော်ရှိန်တို့၏နေအိမ်)နေ တရားပြိုင် ဦးဝေလင်းကို (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**ဦးဝေယံကျော်**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

လှည်းကူးမြို့၊ မြေကွက်ကြီးအမှတ်(၇)၊ အိမ်ရာကွက်ငယ် အမှတ် (၃၀၁) ဟု ခေါ်တွင်သော လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်း(၁၀)လမ်းတွင် တည်ရှိသော ရပ်ကွက်ကြီး(၇)၊ အိမ်ရာငယ်အမှတ်(၃၀၁) ဒေါ်အေးမာကြည်အမည်ပေါက် စလစ်နီအမျိုးအစား ၂၄၀၀စတုရန်းပေ ကျယ်ဝန်းသော မြေကွက်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ အဆိုပါမြေကွက်ကို အစပ်အဆက်စာချုပ်များဖြင့် လက်ရောက်ပိုင်ဆိုင်ထားသူ ဦးတင်ဝင်း ၁၂/လကန(နိုင်)၁၇၄၀၁၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(LL.B, D.B.L,DIT)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၀၂၆)**
**အမှတ်(၉၁၃)၊ စိန်ပန်းမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၃၂၇၂၈**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ ပေါ်တော်မူလမ်း၊ မြေကွက်အမှတ်(၅၅၆/ခ) ဟုခေါ်တွင်သော အလျား ပေ ၂၀xအနံ ပေ ၆၀၊ ဧရိယာ(၁၂၀၀)စတုရန်း ပေ၊ ၀ ဒသမ ၀၂၇ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည်ပေါက် ဦးဝင်းမြိုင်ထံမှတစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်ခင်သိန်းမြင့် ၁၂/လမန(နိုင်)၀၆၉၀၆၀မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနောင်လတ်အောင် (L.L.B) (စဉ်-၅၀၅၉၁)**
**အထက်တန်းရှေ့နေ**
**အမှတ်-၁၇၁(ခ)၊ ရောဝတီပတ်လမ်း၊ (၆/၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့**
**ဖုန်း-၀၉-၇၆၆၉၉၄၇၅၉**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅(H)၊ မြေကွက်အမှတ်(၇၃၆)၊ ပေ(၂၀x၄၀)အကျယ်အဝန်းရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အိမ်အမှတ်(၂၀)ဟုခေါ်တွင်သည့် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံလင်စွာပါရှိသော နှစ်ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ဖြစ်သည့်ဒေါ်စိန် (ခ) ဒေါ်စိန်စိန်မြိုင် ၁၂/ဗဟန (နိုင်)၀၈၃၀၉၉၊ အမှတ်(၂၀)၊ ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့် အိမ်အရောင်းအဝယ်ပြုသည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း**
**(LL.B, MA-Business Law, D.I.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၈၃)**
**အခန်း(၂၀၃)၊ တိုက်အမှတ်(၄၃၆)၊ ကမ်းနားလမ်း၊ (၄)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၀၂၅၄၄၄၃၉၊ ၀၉-၉၅၇၅၂၁၄၉၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၇

ဒေါ်အေးသီရိမျိုး နှင့် စိုင်းဆိုင်ခေး(ခ)မောင်ဆိုင်ခေး
(တရားလို) ( တရားပြိုင် )

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၃၃)နေ စိုင်းဆိုင်ခေး(ခ)မောင်ဆိုင်ခေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုကို လျှောက်ထားစွဲ ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်) မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်၊ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာမျိုးသန့်)
ဒုတိယခရိုင်တရားသူကြီး (၂)
ကလေးခရိုင်တရားရုံး

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(ခွဲ)၊ အလက (၂)၊ Grade-6 မှ မောင်ခန့်ထည်ဝါနှင့် Grade-9 မှ မခိုင်ဇင်သော်တို့၏ ဖခင်အမည်မှန်မှာ ဦးညို ၅/အရတ(နိုင်)၀၆၁၂၂၅ ဖြစ်ပါကြောင်း။

ဦးညို

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၁-၂၀၂၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၁)တွင် ပါရှိသည့် ဒေါ်ကေရီ (LL.B) တရားလွှတ်တော်ရှေ့နေ၏ ဖုန်း-၀၉-၄၅၁၂၃၆၈၈ အစား ဖုန်း-၀၉-၄၅၁၂၃၆၈၀ အဖြစ် ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/1371, Toyota Dyna Truck (4X2)R ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(သရက်)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5322 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ (ယခင်)ပုသိမ်ကြီးမြို့နယ် (ယခု)ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀. ၀၅၅၁)ဧကရှိ ဦးဟန်အမည်ပေါက်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ ကျွန်တော်လှဝေဦးက အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်တာဝန်ရှိသော မြေကွက်ရောင်းချသူ ဦးဟန်က ကျွန်တော်အား ဖော်ပြပါမြေနှင့်ပတ်သက်၍ ဤသတင်းစာ ကြေညာသည့်ရက်မှ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဟန်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဝေဦး(ဘ)ဦးသောင်းစိန်**
**(၉/ငဇန(နိုင်)၀၇၅၂၃၅)**
**အကွက်(ဖဖ-၈/၃၈)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ STAR CITYအိမ်ရာစီမံကိန်းတွင် ရှိသော အခန်းအမှတ်(CV-82) သည် ဦးအောင်ခိုင်-ဒေါ်မာမာဌေး(ခ)ဒေါ်ဗိုလ်မတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ ဦးအောင်ခိုင်-ဒေါ်မာမာဌေး(ခ)ဒေါ်ဗိုလ်မတို့ ကွယ်လွန်ပြီးနောက် ၎င်းတို့၏တရားဝင်သား(၃)ယောက်ဖြစ်ကြသော ဦးဝင်းထူး၊ ဦးထွန်းအောင်ကျော်၊ ဦးပြည့်ဖြိုးအောင် တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

အဆိုပါ STAR CITY အိမ်ရာစီမံကိန်းတွင်ရှိသော အခန်းအမှတ် (CV-82)နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်၊ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| ဦးဝင်းထူး | ဦးထွန်းအောင်ကျော် | ဦးပြည့်ဖြိုးအောင် |
|---|---|---|
| ၉/မဟမ(နိုင်)၀၀၇၇၃၁ | ၉/မဟမ(နိုင်)၀၀၇၇၃၂ | ၉/မဟမ(နိုင်)၀၂၂၆၈၉ |

အကွက်(၈၄၄)၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၇၇၇၉၉၉၇၆၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၇

မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် နှင့် ဦးဝင်းလှိုင်
(၎င်းကုမ္ပဏီအတွက်နှင့် ကိုယ်စား ဒေါ်ဖြိုးယဉ်ဇာလွင်ဦး)
(တရားလို) (တရားပြိုင်)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ကန်စောက်ကျေးရွာ၊ ၉-လမ်း၊ အမှတ်-၉နေ တရားပြိုင် ဦးဝင်းလှိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌၊ တရားလိုက (၂၂-၃-၂၀၂၃)နေ့စွဲပါ အငှားဝယ်စနစ်ဖြင့် စက်ယန္တရားအရောင်းအဝယ်ပြုလုပ်ရန် နှစ်ဖက်သဘောတူကတိစာချုပ်အရ စက်ယန္တရားတန်ဖိုး ကြွေးကျန်ငွေကျပ် ၃၂၅,၂၉၄,၈၉၅/ (ကျပ်သုံးထောင့်နှစ်ရာငါးဆယ့်နှစ်သိန်း ကိုးသောင်းလေးထောင်ရှစ်ရာကိုးဆယ့်ငါးကျပ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်)မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်လင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
အင်းစိန်ခရိုင်တရားရုံး

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၈-ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၁၀၂၂) အိမ်နှင့်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၈-ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၁၀၂၂) အကျယ်အဝန်း-အလျား(၄၀)ပေXအနံ(၆၀)ပေရှိ ဦးစိုးမြင့်(အမည်ပေါက်) ပါမစ်မြေဖြစ်ပြီး ယင်းမြေကွက်၏ မခွဲမစိတ်ရသေးသော (၁၀)ပေX(၆၀)ပေ (ခေါင်းရင်းခြမ်း) အိမ်နှင့်မြေအပါအဝင် ရေမီး အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန္တာထွန်း(၁၂/မဂတ(နိုင်)၀၇၂၂၄၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးအောင်(၁၂/ရကန(နိုင်)၀၂၇၂၈၇)က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်သည့်ရက်ကျော်လွန်ပါက ဤအိမ်နှင့်မြေ အရောင်းအဝယ်ကို အပြီးအပိုင်ဆက်လက်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးမျိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်စုစုအောင် (LL.B) | ဒေါ်သဲသဲမွန်(LL.B) | ဒေါ်ဖွေးလဲ့ဖြူ (LL.B) |
|---|---|---|
| (စဉ်-၁၃၄၉၈/၂၀၁၇) | (စဉ်-၁၀၈၆၄/၂၀၁၆) | (စဉ်-၅၃၁၃၁/၂၀၂၀) |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

အမှတ်(၉၉၉)၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၈၉ ၄၀၂၀၆

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/8323 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ကျောက်ဆည်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၂)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဗိုလ်ကြီးသန့်ဇင်အမည်ပေါက် ပိုင်ဆိုင်သော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြောက်ဘက်ခြမ်း(၂၀x၆၀)ပေ မြေကွက် အစိတ်အပိုင်းအား ဗိုလ်ကြီးသန့်ဇင်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သီတာဖြိုး က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက် ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထား ခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်း မရှိပါ က အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီဆောင်ရွက်တော့မည် ဖြစ်ကြောင်း ဗိုလ်ကြီးသန့်ဇင်နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B(Advocate)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)**
**၆၅x၆၆ လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၅၉၆၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၀)၊ ဦးပိုင်အမှတ်(၁၂) ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တပ်သားသိန်းဝင်း အမည်ပေါက် ပိုင်ဆိုင်သောမြေကွက် ဖြစ်ပါသည်။ တပ်သားသိန်းဝင်းထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သစ်သစ်ဆွေက အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက် ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီဆောင်ရွက်တော့မည် ဖြစ်ကြောင်း တပ်သားသိန်းဝင်းနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B ( Advocate )၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)၊ ၆၅x၆၆ လမ်းကြား၊ ရေနီမြောင်းလမ်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉ -၄၀၂၅၉၆၅၁**

## အထူးကျေးဇူးတင်ရှိခြင်း

၁၅-၁၁-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ ၃:၄၃ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသော ပါမောက္ခ ဒေါက်တာ ဦးသိန်းထွန်း (နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး) အသက် (၇၅)နှစ် နာမကျန်းဖြစ်နေစဉ် ကာလများတွင် အထူးဂရုတစိုက် ကုသစောင့်ရှောက်ပေးပါသော အာယု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာမကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ နှင်းဆီကုန်းဆေးရုံကြီး၊ ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်မြို့ တာမွေ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာဌာနတို့မှ ဆရာဝန်ကြီးများ၊ ဆရာမများ၊ ၁၇-၁၁-၂၀၂၅ရက်(တနင်္လာနေ့) ၁၁: ၃၀ နာရီတွင် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြသော ဆရာဝန်ကြီးများ၊ သူငယ်ချင်းများ၊ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးနှစ်သိမ့်ကြခြင်း၊ လူမှုကွန်ရက်မှ ဆက်သွယ်မေးမြန်းကြခြင်း၊ သက်နီးပရိက္ခရာများ၊ လွမ်းသူ့ပန်းခွေပန်းခြင်းနှင့် အခြားလှူဖွယ်ပစ္စည်းများ ပေးပို့ကြသောသူများအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီခရိုင်၊ မော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ အရှေ့ပိုင်းရပ်ကွက်၊ ညောင်နှစ်ပင်လမ်း၊ အမှတ် (၄၁၃)၊ အကျယ်အဝန်းဧရိယာ (၂၃x၅၇)ပေရှိပြီး (၀.၀၃၀)ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲအဆောက်အအုံအပါအဝင် ယင်းနှင့်ပတ်သက်ဆက်စပ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချခွင့်ရှိသူများဖြစ်ကြသော (၁) ဒေါ်ကြည်ကြည်မြင့် (၁၂/မဘန(နိုင်)၀၂၉၅၀၆) (၂) ဦးကျော်စည်ထွန်း (၁၂/မဘန(နိုင်)၁၈၄၁၂၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းဝင်း(၁၂/မဘန(နိုင်)၀၄၉၉၈၇) က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း (အနောက်) (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph : 09-450020302**

## ကန့်ကွက်နိုင်ရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ၅/ စာတိုက်တန်းကွင်း၊ ဦးပိုင်အမှတ်(၁၉)နှင့် ဦးပိုင်အမှတ်(၁၈)အတွင်းမှ အရှေ့လားသော်-မကျီးဘုရားလမ်း၊ အနောက်လားသော်-ဦးပိုင်(၁၈)ဦးထင်အောင်ကျော်၊ ဦးကျော်စိုး၊ တောင်လားသော်-ဦးပိုင်(၁၈)ဦးရဲမင်းထွန်း၊ မြောက်လားသော်-ကျောင်းတော်ရာလမ်းစသည့် နယ်လေးရပ်အတွင်းရှိ အရှေ့အနောက်(၆၀)ပေ၊ တောင်မြောက်(၈၁)ပေရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမှတ်၉၅၁/က၊ ဇဋ္ဌိလလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့နေ ၈/ပခက(နိုင်)၀၉၄၉၂၁ ကိုင်ဆောင်သူ ဦးထင်အောင်ကျော်နှင့် ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ကျောင်းတော်ရာလမ်းနေ ၈/ပခက(နိုင်)၃၇၆၇၇၄ ကိုင်ဆောင်သူ ဦးကျော်စိုးတို့မှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ရောင်းချရန် ကမ်းလှမ်းသဖြင့် ပြည်တော်သာ၊ မကွေးမြို့နေ ၈/မကန(နိုင်)၀၀၉၈၈၉ ကိုင်ဆောင်သူ ဒေါ်စိုးစိုးမင်းမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း LL.B (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၇၁၈၉)**
**အမှတ်(၁)ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက (ခွဲ)အနောက်စုမှ လက်ထောက်မူလတန်းပြဆရာမ နန့်ခင်မာချို(ခ)မခင်မာချို ၁၄/ကကထ(နိုင်) ၁၄၄၀၅၆ နှင့် ဒေါ်ခင်မာချိုမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန့်ခင်မာချို(ခ)ဒေါ်ခင်မာချို(ခ) မခင်မာချို**
**၁၄/ပသရ(နိုင်)၁၄၄၀၅၆**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက (ခွဲ)အနောက်စုမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ခြူးခြူးနွယ် ၁၄/ကကထ(နိုင်)၁၆၄၇၂၃နှင့် နန့်ခြူးခြူးနွယ်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခြူးခြူးနွယ် (ခ)နန့်ခြူးခြူးနွယ်**
**၁၄/ကကထ(နိုင်)၁၆၄၇၂၃**

## ညီအစ်ကိုမောင်နှမများနှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၉/၂)၊ ရန်ကုန်-မန္တလေးလမ်းမ၊ အမှတ်(၅၄၁) နေ ဦးလှဘုန်းအေး (ဘ)ဦးအေး၊ (မိ)ဒေါ်သိန်းသိန်း၊ ၇/ပခန(နိုင်)၀၀၁၈၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ မိသားစုဝင်ညီအစ်ကိုမောင်နှမများနှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ဖခင်ကြီး ဦးအေးနှင့် မိခင်ကြီးဒေါ်သိန်းသိန်းတို့သည် ဦးလှဘုန်းအေး အပါအဝင် သားသမီး (၆)ဦးထွန်းကားခဲ့ပြီး ယခုတိုင်မိသားစုဝင်အားလုံး သက်ရှိထင်ရှားရှိနေဆဲဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် မိဘနှစ်ပါးကိုယ်တိုင်ပါဝင်ပြီး သဘောဆန္ဒအလျောက် ပြုလုပ်ခဲ့ပြီးဖြစ်သော မိသားစုစီမံမှုအပေါ် မိသားစုဝင်တစ်ဦးဦးမှ သဘောတူညီချက်များအား ချိုးဖောက်ပြီး မိဘများပိုင်ပစ္စည်းများကို လွှဲပြောင်းရယူပိုင်ဆိုင်မှုပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်ခဲ့ခြင်းအရပ်ရပ်ကိစ္စများသည် ဥပဒေနှင့် ဆန့်ကျင်ယုံမျှသာမက တရားဝင်မည်လည်း မဟုတ်ပါကြောင်းနှင့် ဖောက်ဖျက်ခဲ့သူရှိပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံးတော်၏ အဆုံးအဖြတ်ကိုသာ ခံယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း မိသားစုဝင်ညီအစ်ကို မောင်နှမများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဘုန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၆၉/၂၀၁၈)**
**အမှတ်(ခ/၁၆၄)၊ ဗိုလ်မင်းသိမ်း(၂)လမ်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊**
**Ph: 09-420103508**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/3045, Honda C-90,H Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဦး ၉/အမရ(နိုင်)၁၆၅၁၇၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/46164, Haojue-115 ယာဉ်လက်ဝယ်ရှိသူ Haojue Mandalay Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး
(မကွေး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/46079, Haojue-115 ယာဉ်လက်ဝယ်ရှိသူ Haojue (Mandalay) Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး
(မကွေး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/9489 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စာ ၉/လဝန(နိုင်)၁၄၁၇၁၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ပြင်ဦးလွင်)

## ဦးဟန်ညွှန့်(ဥပဒေ)
### တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်
### စာရေးဆရာ၊ သတင်းစာဆရာ
### အသက်(၇၇)နှစ်

သန်လျင်မြို့၊ အိမ်အမှတ်(B-၁၃)၊ မင်းရဲကျော်စွာလမ်း၊ ရုံးတော်ရပ်ကွက်နေ (ဦးကျောင်းမောင်-ဒေါ်သင်းမြ)တို့၏သား၊ (ဦးလှသွင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်(စာရေးဆရာမ ညိုညိုယဉ်-ဒိုက်ဦး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအာကာဟန်-ဒေါ်ဇင်မာလွင်၊ ဦးကျော်စွာဟန် (ကဗျာဆရာ မင်းဇင်- ဒိုက်ဦး)၊ ဦးဇေယျာဟန်-ဒေါ်ခိုင်သီတာဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး(၃)ယောက်တို့၏အဘိုးဖြစ်သူ ဦးဟန်ညွှန့် အသက်(၇၇)နှစ်သည် ၂၀-၁၁-၂၀၂၅ရက် (ကြာသပတေးနေ့) ည (၈:၃၀)နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၂-၁၁-၂၀၂၅ရက်(စနေနေ့)မွန်းလွဲ (၁:၃၀)နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(မော်တော်ယာဉ်များ သန်လျင်နေအိမ်မှ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းခွဲစိတ်ပါရဂူ ဒေါက်တာသက်နိုင်ဦး၏ဖခင် ဦးသိန်းဟန် အသက်(၇၄)နှစ်သည် ၁၅-၁၁-၂၀၂၅ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း**
**ခွဲစိတ်ပါရဂူများ**
**တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်နိုင်ထွန်း ကိုင်ဆောင်သောနိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ဒဂဆ(နိုင်)၀၀၈၂၈၁) နှင့်ယာဉ်မောင်းလိုင်စင်သည် (၁၉-၁၁-၂၀၂၅)ရက်တွင် ရန်ကုန်မြို့၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၄၂၅၃၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ မြို့မ(၁)ရပ်ကွက်၊ (ဘ) ဦးစံဖေ၏သား ဦးကျော်ဆင့်(ခ) ဦးမြင့်နိုင် ၇/ဖမန(နိုင်)၀၂၅၁၉၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဆင့်(ခ)ဦးမြင့်နိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဆင်ဖြူရှင်ရပ်)၊ မြေကွက် အမှတ် ( ပစ(C)၁၂၀၄ )၊ အကျယ် (၆၀x၄၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ တပ်ကြပ်စိုးပိုင်(ဘ)ဦးပိုင်အောင်(၁၁/မပန(နိုင်) ၀၅၄၈၂၃) အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ဖြိုးဖြိုးကျော်(ဘ) ဦးကျော်ညွှန့် (၁၂/ရကန(နိုင်)၀၀၃၆၇၅ ) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယွန်းမို့မို့လွင်(ဘ) ဦးရန်အောင် (၁၂/ဥကမ(နိုင်) ၂၁၃၈၅၉ )က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်ယွန်းမို့မို့လွင် | ဒေါ်မေသဇင်ချစ် (LL.B) |
| ၁၂/ဥကမ (နိုင်)၂၁၃၈၅၉ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇) |
| ဖုန်း-၀၉-၆၉၆၉၉၁၇၄၇ | အမှတ်(၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ |
| | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ |
| | ဖုန်း - ၀၉-၄၃၁၁၂၂၄၀၊ ၀၉-၆၉၇၈၁၆၆၀၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၇၅၄၀၄, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၂/ဥကမ (နိုင်)၁၅၇၅၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၄၅)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်၍လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်နန္ဒထွန်း(၁၂/စခန(နိုင်)၀၆၇၀၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LLM) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၉၈)၊ မြေညီ၊ ၁၅၅-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း(၅၂)လမ်းသွယ်၊ အမှတ်(၂၁/ခ)တွင် နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်ဖြိုး (ဘ) ဦးသန်းအောင် (၁၂/လမန(နိုင်) ၁၂၅၇၅၉) နှင့် ဒေါ်နန်းယဉ်ယဉ်အေး (ဘ) ဦးတင်ထွန်းဝင်း (၁၂/လမန (နိုင်) ၁၄၀၅၀၇) တို့သည် (၂၀၀၈)ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး သမီးငယ် မမေပြည့်ဖြိုးအား မွေးဖွားခဲ့ပါသည်။

သမီးငယ် မမေပြည့်ဖြိုးအား မွေးဖွားပြီးနောက် ဇနီးဖြစ်သူ ဒေါ်နန်းယဉ်ယဉ်အေးမှာ ခင်ပွန်းအပေါ် စောင့်ထိန်းထားရှိအပ်သော ဇနီးသည်တစ်ဦး လိုက်နာရမည့်ကျင့်ဝတ်များနှင့်မညီဘဲ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်ဖြိုး ခွင့်မလွှတ်နိုင်လောက်သောကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ပြီး ၂၀၁၅ ခုနှစ်မှစ၍ ၎င်း၏ဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားခဲ့ သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း ညွှန်ကြားချက်အရသိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန်းယဉ်ယဉ်အေးပြုလုပ်ဆောင်ရွက်မှုမှန်သမျှတို့သည် ကျွန်ုပ်မိတ်ဆွေမိသားစုနှင့် တစ်စုံတစ်ရာမျှသက်ဆိုင်မှုမရှိပါကြောင်းနှင့် ဒေါ်နန်းယဉ်ယဉ်အေး အိမ်ပေါ်မှဆင်းသွားသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေမှ ၎င်းအား ဇနီးသည်အဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-** **တရားလွှတ်တော်ရှေ့နေများ**

| | | | |
|---|---|---|---|
| (၁၂/လမန(နိုင်) ၁၂၅၇၅၉) | ဦးအောင်မိုး(ကော့မှူး) | ဒေါ်သိမ့်သိမ့်ထွန်း | ဒေါ်ထက်ထက်အေးငြိမ်း |
| | (စဉ်-၈၂၃၇) | (စဉ်-၁၂၆၇၆) | (စဉ်-၁၈၉၄၂) |

**ရုံး-အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၄၅၅၅၁၆၂ ၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဟန်ညွှန့်(ဥပဒေ)
### တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
### စာရေးဆရာ၊ သတင်းစာဆရာ
### အသက်(၇၇)နှစ်

ဦးဟန်ညွှန့်(ဥပဒေ)၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ စာရေးဆရာ၊ သတင်းစာဆရာ၊ အသက်(၇၇)နှစ်သည် ၂၀-၁၁-၂၀၂၅ရက် (ကြာသပတေးနေ့) ည ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကြည်(ငြိမ်း) - ဒေါ်သက်သက်ဆွေ**
**နေပြည်တော်**

## ဦးကြည်လှ
### Traffic Inspector( မြန်မာ့မီးရထား/သွားလာ)
### အသက်(၆၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ် cc-၃/၃၈ ခ၊ ၅၇ B လမ်း၊ ၁၀၄ A ထောင့်နေ (ဦးလျှံကင်း-ဒေါ်ဖွားခင်)တို့၏သား၊ (ဦးညိုမောင်-ဒေါ်ရင်ရင်)တို့၏ သားသမက်၊ ဦးအောင်စိန်-ဒေါ်တင်နီလာလင်း၊ ဦးကျော်ဇင်ဖြိုး-ဒေါ်သီရိမွန်တို့၏ဖခင်၊ မောင်ပိုင်ဇေယျာဖြိုး၏အဘိုး၊ ဒေါ်ရီရီမြင့်၏ချစ်လှစွာသောခင်ပွန်း ဦးကြည်လှသည် ၁၆- ၁၁-၂၀၂၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၈-၁၁-၂၀၂၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့၊ အေးရိပ်ငြိမ်ခရစ်ယာန် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အမှန်ဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အလက သပြေဆိပ်ကျောင်းမှ အစောင့်ဦးဝင်းနိုင်၏မွေးသက္ကရာဇ် အမှန်မှာ ၅-၁၁-၁၉၆၆ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဟံတွေ(ခ) ဦးဟန်တွေဖြစ်ကြောင်း။

**ဦးဟံတွေ(ခ)ဦးဟန်တွေ**

## မိဘအမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ခွဲ)ကျန်းမာကုန်းကျောင်း Grade-12, Stams I မှ မောင်ရှိုင်းထက်နိုင်၏ မိဘအမည်မှန်မှာ ဦးနိုင်ဝင်းကျော် ၇/ ပမန(နိုင်)၁၃၇၂၀၃ နှင့် ဒေါ်ခင်မာဦး ၁၄/ဝခမ(နိုင်) ၂၄၇၀၀၅ ဖြစ်ပါကြောင်း။

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/9555 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ထ-၄၃)ရပ်ကွက်၊ စစ်တောင်းရွှေပြည်လမ်း၊ အမှတ်(၂၂၉-ခ) ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဦးဇော်မင်း(HLG- ၀၃၀၃၁၄)(၁၂/သကတ(နိုင်)၂၁၇၈၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာသင်း(၉/မခန(နိုင်)၁၉၆၇၄၅)က ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်သင်းနွယ်အောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၉၆၈)**
**အမှတ်(၈၈/၂၀၁)၊ သုမင်္ဂလာလမ်းမကြီး၊ (c)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၄၁၇၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၈၁၁/ရွာထောင်အနောက်)၊ ဦးပိုင်အမှတ် (၇၁/က)၊ မြေဧရိယာ(၀.၁၆၃)ဧကရှိမြေသည် ဦးမျိုးအုန်းချိန် အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No. ၁၇၈ V of 1992 (30 Year) မြေငှားဂရန်သက်တမ်းမှာ (၂၈-၃- ၁၉၉၅)မှ (၂၇-၃-၂၀၂၅)ရက်ထိဖြစ်ကြောင်း၊ မြေငှားဂရန် အမည်ပေါက်သူ ဦးမျိုးအုန်းချိန်သည် ဒေါ်မေဝင်းကြည်နှင့် အိမ်ထောင်ကျပြီး (၁၇-၁၂-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့၍ ဇနီးဖြစ်သူ ဒေါ်မေဝင်းကြည်(၅/စကန(နိုင်)၀၃၂၅၄၅)မှ အဆိုပါမြေကွက်အား လက်ရှိထားစီမံခန့်ခွဲအကျိုးခံစားခွင့်ရရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း (၅-၉-၂၀၂၅)ရက်တွင် စစ်ကိုင်းမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုပြီး (၂၃-၉-၂၀၂၅)ရက်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်မေဝင်းကြည်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲ မြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မောင်သင့်ထူးကျော်ထင်(ခ)တိုးလေး
### အသက် (၃၃)နှစ်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုံရှေ့ရပ်၊ A-226နေဦးထင်ကျော်-ဒေါ်လှလှထူးတို့၏သား၊ ညောင်ရွှေမြို့နေ ဦးဝင့်ကျော်ဖြိုး-ဒေါ်ဝေဝေလွင်တို့၏ညီ၊ ရန်ကုန်မြို့နေ မောင်သန့်ထူးကျော်ထင်၏အစ်ကိုဖြစ်သူ မောင်သင့်ထူးကျော်ထင်(ခ)တိုးလေးသည် ၂၁-၁၁-၂၀၂၅ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၃-၁၁-၂၀၂၅ရက် မွန်းတည့် ၁၂နာရီတွင် လယ်ဝေးမြို့၊ စမ်းကလေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(မော်တော်ယာဉ်များ နေပြည်တော်၊ ဒက္ခိဏသီရိနေအိမ်မှ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### မောင်သင့်ထူးကျော်ထင်(ခ)တိုးလေး
### အသက်(၃၃)နှစ်

သူငယ်ချင်း ဦးထင်ကျော်-ဒေါ်လှလှထူးတို့၏ သားဖြစ်သူ မောင်သင့်ထူးကျော်ထင်(ခ)တိုးလေးသည် ၂၁-၁၁-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ နေခြည်လမ်းမေးတင်ရှိ မြေကွက်အမှတ်(၇၂၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ အလျားပေ(၄၀)၊အနံပေ(၆၀) မူလအမည်ပေါက်ပိုင်ရှင် တပ်ကြပ်ကြီး စိုးရာဇာနီးမြင့် ၅/မရန(နိုင်)၂၂၀၁၈၅ အား နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ ဒေါ်အေးအေးထွေး ၅/ကလထ(နိုင်)၁၂၅၆၈၃က ဂရန်လျှောက်ထားမည်ဖြစ်ပါသည်။ အထက်ပါ အကြောင်းအရာအား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရန်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးထွေး ၅/ကလထ(နိုင်)၁၂၅၆၈၃**
**ဖုန်း-09-429683165**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ်(၁၆၆/က)နေ ဦးစံလင်း(ဘ)ဦးလင်မုလင်(ခ)ဦးအေး(၁၂/သကတ(နိုင်)၁၁၇၉၆၁)က ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇-ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၉၉)နေ ဒေါ်စုစုလင်း(ဘ)ဦးထိန်လင်း(၁၂/သကတ(နိုင်)၁၄၃၆၅၃)အား စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၆-၆-၂၀၂၃)ရက် စာချုပ်အမှတ်-၁၀၂၉၇ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ အဆိုပါ လွှဲအပ်ပေးခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံလင်း ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဒေါ်စုစုအောင် (LL.B) | ဒေါ်သဲသဲမွန် (LL.B) | ဒေါ်ဖွေးလဲ့ဖြူ (LL.B) |
| (စဉ်-၁၃၄၉၈/၂၀၁၇) | (စဉ်-၁၀၈၆၄/၂၀၁၆) | (စဉ်-၅၃၁၃၁/၂၀၂၀) |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/52639, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အေး ၇/ပတန(နိုင်)၀၀၇၂၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/30197, Dayang 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၇/နတလ(နိုင်) ၀၉၁၆၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/28696 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြိုင် ၉/မရမ(နိုင်)၀၄၆၃၉၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/72964 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၉/မခန(နိုင်)၂၄၃၉၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

❖ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်...

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားသော ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၉၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၃၅၁ ဦး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၉၆ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလောင်းကစားမှုနှင့် လိမ်လည်မှုများ ကျူးလွန်ခဲ့သည့် ပြည်ပ နိုင်ငံသား ၃၅၁ ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍



လူနေအဆောက်အအုံလေးထပ် C12 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။

# ကမ္ဘာ့ဖလားခြေစစ်ပွဲဆီမီးဖိုင်နယ် ဝေးလ်က ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်



နိုဝင်ဘာ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် မြောက်မက်ဆီဒိုးနီးယားအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် ဝေးလ်အသင်းသားများ အောင်ပွဲခံစဉ်။

ဝေးလ်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲဆီမီးဖိုင်နယ်တွင် ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြောက်အိုင်ယာလန်အသင်းက နာမည်ကြီး အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိသော အသင်းနှစ်သင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိရန် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားကမ္ဘာ့ဖလားခြေစစ်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ယူကရိန်းက ဆွီဒင်၊ ပိုလန်က အယ်လ်ဘေးနီးယား၊ တူကီယဲက ရိုမေးနီးယား၊ ဆလိုဗက်ကီးယားက ကိုဆိုဗို၊ ဒိန်းမတ်က မြောက်မက်ဆီဒိုးနီးယား၊ ချက်ဇ်က အိုင်ယာလန်အသင်းစသည်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များကို လာမည့်မတ်လ ၂၆ ရက်တွင် တစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ လာမည့်နှစ်တွင် အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က

*စာမျက်နှာ ၁၃ ကော်လံ ၅* ❑

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် နိုဝင်ဘာ ၂၂ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ယနေ့ သတင်းအညွှန်း

ဂျပန်ဝန်ကြီးချုပ် Mrs. Takaichi ၏ ထိုင်ဝမ်အရေးနှင့်ပတ်သက်၍ ပြောကြားချက်အပေါ် မီဒီယာများ၏မေးမြန်းချက်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

ပြည်တွင်းသတင်း စာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း စွမ်းအင်တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် သုံးစွဲ

နိုင်ငံတကာသတင်း စာ ၁၄